ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္လာနေ့၊ (29-12-2014) (၈၀၆၉)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

## ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၇/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

### ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

## ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်(၃/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

### ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်(၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ)သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

## အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် (၃/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

### ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ)ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပွင့်ဖြူမြို့၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲ တက်ရောက်

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင်တို့အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားကြီးများ စုစုပေါင်း ၆၀၀၀ ကျော်တက်ရောက်သည့် တောင်သူလယ်သမားရေးရာဆိုင်ရာ လူထုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီးအနီးရှိ ကျောင်းတော်ရာကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သဘာပတိ မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများသည် အရေအတွက်အရလည်းကောင်း၊ နိုင်ငံအတွင်းပျံ့နှံ့နေထိုင်မှုများအရလည်းကောင်း၊ နိုင်ငံအတွက်အရေးပါသည့် စိုက်ပျိုးထုတ်လုပ်မှုများအရ လည်းကောင်း ကြီးမားကျယ်ပြန့်သည့် အခြေခံလူတန်းစားတစ်ရပ်အဖြစ် တည်ရှိနေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများသည် ခေတ်အဆက်ဆက်၌ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများဟု ဂုဏ်ပြုသတ်မှတ်ပြီး စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား မြင့်မားစေပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



# နေပြည်တော် ဗုဒ္ဓဂယာတွင်တည်ထားကိုးကွယ်မည့် ရုပ်တော်မူဘုရားကြီး မတ္တရာမြို့နယ် စကျင်တောင်မှ ဇန်နဝါရီ ၁ ရက်တွင်ပင့်ဆောင်မည်

**မတ္တရာ ဒီဇင်ဘာ ၂၈**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စကျင်ကျေးရွာရှိစကျင်ကျောက်တောင်တွင် ထုဆစ်လျက်ရှိသော မဟာသကျရံသီရုပ်တော်မူဘုရားကြီးအား ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် မန္တလေး-မတ္တရာကားလမ်းမှ မန္တလေးမြို့ကိုဖြတ်ကာ နေပြည်တော်သို့ မင်္ဂလာမော်တော်ယာဉ်ဖြင့် ပင့်ဆောင်မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❁



**ကြေးမုံစာတည်းရှုထောင့်** **၂၉-၁၂-၂၀၁၄၊ တနင်္လာနေ့**

# မုတ်သုံမဟုတ်သော မုန်တိုင်းမိုး

မုန်တိုင်းဆိုလျှင် ယခင်က ရာသီလိုက်၍ အကန့်အသတ်နှင့် ဖြစ်ပေါ်တတ်သည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်တွင် မိုးဦးမိုးနှောင်းကာလများတွင် မုန်တိုင်းဖြစ်ပေါ်တတ်စမြဲ။ ဆောင်းနှင့်နွေကား မုန်တိုင်းကိုတွေးပူစရာမလို။ ရာသီဥတုညီမျှနေမှု၏ တစ်ချိန်ကဖြစ်စဉ်များ။

ယခု မုန်တိုင်းဖြစ်ပေါ်မှုကို ပုံသေသတ်မှတ်၍ မရနိုင်တော့ပါပြီ။ ပုံမှန်မဟုတ်သော ရာသီဥတုဖောက်ပြန်မှု ဂယက်တစ်ခုဟုဆိုရမည်။ အားလုံးသိပြီးဖြစ်သည့်အတိုင်း ဖန်လုံအိမ်အာနိသင်အကျိုးဆက်အဖြစ် ကမ္ဘာ့လေထု အပူရှိန်မြင့်တက်လာပြီး တစ်စတစ်စတိုးကာ ပိုဆိုးလာနေသည်။ လေထု၏ အပူရှိန်က ကမ္ဘာ့ရေထုကို ပူနွေးလာစေသည်။ ရေထုပူနွေးလာမှုက မုန်တိုင်းများကို ရာသီမရွေး အချိန်မရွေး ဖြစ်ပေါ်လာစေသည်။

မိမိတို့နိုင်ငံသည် ပင်လယ်ကမ်းစပ်အနားသတ်ပေးထားသောနိုင်ငံဖြစ်ရာ မုန်တိုင်းဖြစ်ပေါ်မြဲဖြစ်သည့် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ ထိစပ်နေသော မွန်၊ တနင်္သာရီကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသနေပြည်သူများမှာ မုန်တိုင်း၏ သက်ရောက်မှုကို တိုက်ရိုက်ကြုံတွေ့ခံစားကြရသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများကား မုန်တိုင်းအဖျားခတ်ရုံ၊ မိုးများရုံနှင့် ပြီးသွားသည်။

အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းတွင် ပစ္စည်းဥစ္စာဆုံးရှုံးရုံမက အသက်သေကျေပျက်စီးမှုခံရဖူးသည်။ ကမ်းရိုးတန်းနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအဖြစ် သမားရိုးကျလုပ်ငန်း နှစ်မျိုးဖြစ်သည့် စိုက်ပျိုးရေးနှင့် ငါးဖမ်းခြင်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ ယခုလိုဆောင်းရာသီတွင် အရှေ့မြောက်လေ၊ အရှေ့လေနှင့် မြောက်လေကြမ်းများကြောင့် ပင်လယ်ငါးဖမ်းလှေများ ကမ်းနှင့်ဝေးရာလွင့်ပါကာ သေကျေပျက်စီးဆုံးရှုံးမှုခံရဖူးသည်။

ယခုတစ်ဖန် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုအားကောင်းလာပြီး မုန်တိုင်းငယ်တစ်ခုသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးထားသည်။ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်၊ မွန်၊ ရခိုင်၊ ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အတွင်း အချိန်အခါမဟုတ်မိုးရွာသွန်းနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းဒေသများတွင် အရှေ့လေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်ကြောင်း သိရသည်။

မုန်တိုင်းဖြစ်ပြီဆိုသည်နှင့် မုန်တိုင်းနှင့်အတူ ရေလှိုင်းမြင့်တက်လာပြီး ကမ်းခြေဘက်သို့ချင်းနင်းဝင်မွှေတတ်စမြဲ။ ကြုံခဲ့၊ ခံခဲ့ရပေါင်းများပြီ။ တစ်ချိန်က ပုံမှန်ရာသီမုန်တိုင်းများဖြစ်သည်။ ယခု မူမမှန်ဖောက်ပြန်မှုများ၊ ရာသီမရွေး အချိန်မရွေး ရာသီဥတုဖောက်ပြန်မှုအကျိုးဆက်များကို တွေ့လာရ၍ သတိပြုကြရမည်ဖြစ်သည်။

အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ ကျွန်းစုများနေပြည်သူများအတွက် နေ့ညမဟူ အစဉ်သတိနှင့် အသင့်ဖြစ်နေပါမှ ဖောက်ပြန်ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံကာကွယ်မှုပြုသွားနိုင်မည်ဖြစ်သည်။ သဘာဝဖြစ်စဉ်ဖြစ်ရပ်များကို တားဆီး၍မရစကောင်း၊ သို့သော် အထိမနာဖို့ကြိုတင်ကာကွယ်၍ ရှောင်ရှားကြရမည်ဖြစ်သည်။

မိုးလေဝသသတင်းထုတ်ပြန်ချက်ကို ပုံမှန်နားထောင်လျက် အသက်မွေးဝမ်းကျောင်း ငါးဖမ်းခြင်းအလုပ်ကို အထောက်အကူဖြစ်စေလျက် "အသက်ကို ဉာဏ်စောင့်"ဆိုစကားအတိုင်း "အစဉ်သတိ"နှင့် ကျင့်ကြံနေထိုင်ကာ မုန်တိုင်းနှင့် ဆက်နွယ်အန္တရာယ်ဟူသမျှ ကာကွယ်သွားကြရမည်သာ။ ဤသည်ပင် အဓိပ္ပာယ်ရှိသော ဘဝနေနည်းတစ်မျိုး ဖြစ်ပါသည်။ ။

## ၂၃၀ ကေဗွီ/၂×၁၂၅ အမ်ဗွီအေ (GIS) ဓာတ်အားခွဲရုံအသစ် တည်ဆောက်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ တည်ဆောက်နေသော ၂၃၀ ကေဗွီ/ ၂×၁၂၅ အမ်ဗွီအေ (GIS)ဓာတ်အားခွဲရုံသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံပြီး GIS ဓာတ်အားခွဲရုံကြီးသည် မြန်မာနိုင်ငံ၏ပထမဆုံး ၂၃၀ ကေဗွီဓာတ်အားခွဲရုံကြီးဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံအား နိုင်ငံခြားသားပညာရှင်များ၏ အထောက်အကူဖြင့် တည်ဆောက်လျက်ရှိရာ ခွဲရုံရှိ အင်ဂျင်နီယာများ အနေဖြင့် လုပ်ငန်းခွင်လေ့လာမှုဖြင့် ပညာရယူရန်လိုအပ်ကြောင်း၊ နောင်တည်ဆောက်မည့် GIS ခွဲရုံများတွင် မိမိတို့ကိုယ်တိုင် ဦးဆောင်နိုင်သည်အထိ တတ်ကျွမ်းအောင် လေ့လာသွားစေလိုကြောင်း မှာကြားကာ ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

(GIS)ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပေါက်ကံ၊ ဝေဘာဂီ၊ ဒဂုံမြို့သစ် (မြောက် ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့် မြောက်ဥက္ကလာပမြို့နယ်များသို့ ၆၆ ကေဗွီဓာတ်အားလိုင်းများဖြင့် ဓာတ်အားပို့လွှတ်မည်ဖြစ်သည်။

အဆိုပါဓာတ်အားခွဲရုံအား ကိုရီးယားနိုင်ငံ Hyundai ကုမ္ပဏီနှင့် ပူးတွဲတည်ဆောက်နေရာ Gas Insulated Switch Gear (GIS)များ အသုံးပြုထားခြင်းဖြစ်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ နည်းပါးခြင်း၊ ဓာတ်အားပြတ်တောက်မှုနှင့် ပစ္စည်းကိရိယာများ ချွတ်ယွင်းပျက်စီးမှုနည်းပါးခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းဝေးစေခြင်း၊ နေရာလိုအပ်မှုနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး နိုင်ငံတကာတွင် GIS ဓာတ်အားခွဲရုံများ တည်ဆောက်အသုံးပြုလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**





## ရွာသာကြီးကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွာသာကြီးကျေးရွာ ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံပြည်သူများအား မိုးပွင့်အဆင့် (၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၏အသုံးဝင်မှု၊ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝ ရရှိနိုင်ရေးအတွက် အထောက်အထားဖြစ်မှု၊ လွယ်လွယ်ကူကူရရှိမှုအပေါ် စနစ်တကျထိန်းသိမ်းရန်လိုအပ်မှုနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား အကြောင်းသိကောင်းစရာများကို အခြားသူများထံ ထပ်ဆင့်ရှင်းလင်းပြောကြားသွားရေးတို့ကို ရှင်းလင်းပြောကြားသည်။


ထို့နောက် ရွာသာကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံကာ ကျေးရွာအလိုက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**


## ချောင်းဆုံမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်


**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ် ကညော့်-ကော့မုပွန် ကတ္တရာလမ်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၃ ရက်က မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသော စိတ်တိုင်းကျကုမ္ပဏီမှ တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(ကျေးလက်ဦးစီး)**








# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ(ဝင့်ုံသကာပါဠိသိရောမဏိ)မိန့်ကြားတော်မူအပ်သော သာရဏီယသြဝါဒကထာ

[၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်) (တနင်္ဂနွေနေ့)]

(၆၇)ကြိမ်မြောက် ကျင်းပအပ်သည့် တိပိဋကစရေးချယ်ရေးစာတော်ပြန်ပွဲသို့ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ၊ လေးဖြာဓိပတိဖွဲ့လှံ့လရှိရှိဖြင့် ဝင်ရောက်ပြန်ဖြေကြမည့် သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား။

အရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ်တွင် ရေကန်ကြီး၌ ကန်ပေါင်ကန်ရိုးနှင့် ဥပမာတူသော၊ သစ်ပင်ကြီး၌ ရေသောက်မြစ်နှင့်ဥပမာတူသော ပရိယတ္တိသာသနာတော်ကို အရှည်ခံ့၍ တည်တံ့အောင် မြောက်ပင့်အားပေးမည်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် ဤတိပိဋကရေ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို၊ ရေးဖြေတော်မူကြရန် အားထုတ်လေ့လာကျက်မှတ်ဆည်းပူးပြီး ဖြေဆိုရန် အသင့်ရှိနေကြပြီဟု ထင်မြင်ယူဆပါသည်ဘုရား။

- ဆန္ဒဝတော မမ ကိံ နာမကမ္မံ န သိဇ္ဈတိ-
  ဆန္ဒကဲမို့ ငါသို့သသူ ပြုမူဆောင်ရာ အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း
- ဝီရိယဝတော မမ ကိံ နာမကမ္မံ န သိဇ္ဈတိ-
  ဝီရိယကဲမို့ ငါသို့သသူ ပြုမူဆောင်ရာ အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း
- စိတ္တဝတော မမ ကိံ နာမကမ္မံ န သိဇ္ဈတိ-
  စိတ်ဓာတ်ကဲမို့ ငါသို့သသူ ပြုမူဆောင်ရာ အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း
- ဝီမံသဝတော မမ ကိံ နာမကမ္မံ န သိဇ္ဈတိ-
  ပညာကဲမို့ ငါသို့သသူ ပြုမူဆောင်ရာ အဖြာဖြာသည် ဘယ်မှာမပြီး ရှိအံ့နည်း

ဟူသော မဏိသာရမဥ္ဇူဋီကာ၊ စာမျက်နှာ(၂၆၆)နှင့်အညီ အဓိပတိတရားလေးပါး အရှင်ဘုရားတို့မှာ အထင်အရှားရှိပြီးသားဖြစ်ကြသဖြင့် ဝိဇယအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြမည် ဧကန်မုန်ကြပါလျက် ပူပန်စိတ်ထန်သည်းကျန်းမာရေးထိခိုက်အောင် ဂရုစိုက်လွန်းအားကြီးက အချည်းနှီး နိရတ္ထကအကျိုးမရဖြစ်တတ်သည်ကို သတိချပ်ကြစေချင်ပါသည်ဘုရား။ စာပြန်လျှင်မျက်စိကိုမှိတ် ဗဟိဒ္ဓအာရုံသဘော တဆိတ်မျှ စိတ်မစောကြဘဲ အတရမာနောဝဘာသေယျ နော တရမာနော- ရှင်စောမိန့်ပြ အရဏဝိဘင်္ဂသုတ္တန်ကို အဖန်ဖန်သတိရှေးရှု ၍ မနှေးလွန်း မမြန်လွန်း၊ မကျယ်လွန်း မတိုးလွန်း အလယ်အလတ်ပင်ပန်းနွမ်းလျမရှိရလေအောင် သတိဆောင်၍ ပြန်ဆိုတော်မူကြပါ။ သဘောရေးဖြေ ဖြေဆိုသောအခါ၌လည်း ဗျာပါရအားသည်း အရေးတကြီး မဖြေဆိုကြဘဲ ပုစ္ဆကထေရ်ကျော် ဆရာတော်တို့၏ အာဘော်ကို မိမိပါ - ဌ - ဋ္ဌီ - စောင်းကြိုးညှိ၍ သတိကြီးစွာထား ဖြေကြားတော်မူကြရန် ဟိတူပသံဟာရ-အဟိတာပနယန နှစ်ဝသော မေတ္တာတရားထက်သန်စွာထား၍ သတိပေးတိုက်တွန်းစကား ပြောကြားလိုပါသည်ဘုရား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သာသနာတော်ကြီး အဓွန့်ရှည်၍ တည်တံ့သန့်ရှင်းပြန့်ပွားအောင် စာဖြေသံဃာတော်များနှင့် မပြားစိတ်ညီ ဆောင်ရွက်လျက်ရှိသည်ကို အရှင်တို့သိပြီဟု ယုံကြည်ပါသည်။ နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ်ကို ဓမ္မနှင့် ဝိနယတို့၌ အာဂမ-သဘာဝနှစ်ဌာနအဓိပ္ပာယ် အသိဉာဏ်မကြွယ်ပါကအဘယ်မှာလျှင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်နိုင်မည်နည်း။ စာပြန်ပွဲဝင် အရှင်မြတ်တို့မှာ ပိဋကတ်စာပေတို့ကို နေ့ညမစဲ သင်၊ အံ၊ ကျက်၊ ကြည့် အချိန်ပြည့် ပရိယတ္တိလုပ်ငန်းကို စွမ်းစွမ်းတမံ သူမတန်အောင် ထက်သန်သော ဇွဲလုံ့လဖြင့် နေ့ညမစဲ ထမ်းဆောင်နေကြဆဲဖြစ်၍ မိမိတို့၏ ပရိယတ္တိလုပ်ငန်းကိစ္စကို အလဂဒ္ဒူပမ ပရိယတ္တိမျိုးမဖြစ်အောင် သတိဆောင်လျက် နိဿရဏတ္ထ ပရိယတ္တိမျိုးဖြစ်အောင် ဆောင်ရွက်တော်မူကြပါ။ ထိုသို့ဆောင်ရွက်တော်မူကြလျှင် သာသနာ့တံခွန်အောင်လံပမာ သာသနာတော်ပြန့်ပွားအောင်ရွက်ဆောင်သည့် ထိုကိစ္စမှာ သာသနာတွင် စံတင်ထိုက်သော ပုဂ္ဂိုလ်များ မမှားဧကန်ဖြစ်ကြမည်ဖြစ်ပါသည်ဘုရား။ သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်ဖို့ရန် ရည်သန်တောင့်တမှုသည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ မူလရည်ရွယ်ချက်ဖြစ်ပါသည်။ ထိုမူလရည်ရွယ်ချက်ဖြစ်သည့် သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်နိုင်သော ဗုဒ္ဓမြတ်စွာသာသနာတော်၏ အလုပ်ကို မိမိသည် အဘယ်မျှလောက်အားထုတ်ပြီး၊ အားထုတ်ဆဲ၊ အားထုတ်လတ္တံ့ရှိပါသနည်း။ ဤကဲ့သို့ မိမိ၏ဘဝနှင့် အချိန်ကာလကို အသိတရားဖြင့် သတိထားပြီး အမြဲတမ်းနှလုံးသွင်းဆင်ခြင်သင့်ပါသည်။ လမ်းလျှောက်ရင်း လမ်းပျောက်သကဲ့သို့ မဖြစ်ရအောင် စာပြန်စာဖြေ အရှင်မြတ်များအနေဖြင့် မိမိတို့၏ မူလရည်ရွယ်ချက် မပျောက်ပျက်ရန် အလွန်အရေးကြီးပါသည်ဘုရား။

**တိပိဋကရေအလျှာ စာပြန်အရှင်မြတ်တို့ဘုရား-**

ဥတ္တိစတုတ္ထကမ္မဝါစာဖြင့် မြတ်သောသိက္ခာတင် ချီးမြှောက်၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပြီး ခန္ဓာကိုယ်က မြင့်မြတ်သော ရဟန်းအသွင်ကို ဆောင်လျှင် စိတ်ကလည်း မြင့်မြတ်သော စိတ်ရှိဖို့လိုပါသည်။ မိမိ၏စိတ်သည် အဘယ်မျှမြင့်မြတ်ပြီး အဘယ်မျှ နိမ့်ကျသည်ကို ပြန်လည်စစ်ကြောကြည့်လျှင် သိနိုင်ပါသည်။ သီလ၊ သမာဓိ၊ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် တန်ဆာဆင်အပ်သော မြင့်မြတ်သောစိတ်သည်သာလျှင် မြင့်မြတ်သော ရဟန်းအသွင်ကို တင့်တယ်စေပြီး ပရိယတ္တိသာသနာတော်၏ ဂုဏ်အသရေနှင့် တိပိဋကရေ၊ တိပိဋကကောဝိဒလောင်းလျာ အရှင်မြတ်တို့၏ ဂုဏ်အသရေကို ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဒုတိယဒသဗလသုတ်လာ-နဘိက္ခဝေ ဟီနေန အဂ္ဂဿပတ္တိ ဟောတိ။ အဂ္ဂေနစ ခေါ ဘိက္ခဝေ အဂ္ဂဿပတ္တိဟောတိ။

"ချစ်သားရဟန်းတို့ အညံ့စားလုံ့လ၊ ဝီရိယဖြင့် အမြတ်စား အထွတ်အထိပ်သို့ မရောက်နိုင်။ အမြတ်စားလုံ့လ၊ ဝီရိယဖြင့်သာလျှင် အမြတ်စားအထွတ်အထိပ်သို့ရနိုင်၏"ဟူသော ဒေသနာအစဉ်ကို ဦးထိပ်ပန်ဆင်လျက် မြတ်သောစိတ်၊ မြတ်သောရဟန်းက မြတ်သောလုံ့လ၊ ဝီရိယဖြင့် ကျက်မှတ်သင်အံ စာတော်ပြန်၍ မြတ်သောအလုပ်ကို အားထုတ်ဆောင်ရွက်တော်မူကြရန် မေတ္တာရှေ့ထား၍ သတိပေးစကားပြောကြားရင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ကိုယ်စား ဘုရားတပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးချုပ်လိုက်ရပါတော့သည်ဘုရား။

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းများ နှစ်ပတ်လည်စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းတို့၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပရာ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအလိုက် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုချက်ရယူခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်ရုံးသို့ သတင်းပို့ကြရန်ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ **၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်(စနေနေ့)ထက်မစော ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်ရုံးသို့ သတင်းပို့ကြရန်ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်(I-19)သို့ **၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ထက်မစော ဇန်နဝါရီ ၁၈ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားထားသည်။

**(သတင်းစဉ်)**






# နမာမိပါ အာစရိယဆရာ

စန်းနီလာဝင်း

ဓားသွေးကျောက်သည် ဓားကိုအသွားထက်စေရန်သာဖြစ်၍ ကျောက်မှာတဖြည်းဖြည်းပါးလွှာ၍ သွားရရှာသည်။ ဖယောင်းတိုင်တို့မည်သည် တစ်ပါးသူများအတွက် အလင်းရောင်ကိုပေးပြီး သူကိုယ်တိုင်မှာ တဖြည်းဖြည်း မီးလောင်ပြီး ဘဝနိဂုံးချုပ်ရရှာသည်။ ထို့အတူ ဆရာကောင်းဆရာမွန်တို့မည်သည် ပန်းပျိုးလက်များ၏ပိုင်ရှင် ဥယျာဉ်မှူးများဖြစ်ကြပြီး သူတို့၏အသီးသီးသော လူနေမှုဘဝတို့သည်ကား ဓားသွေးကျောက်နှင့်လည်းခိုင်းနှိုင်း၍ရသည်။ ဖယောင်းတိုင်နှင့်လည်းပမာပြု၍ရသည့်ဘဝများပါပေ။

ပွင့်လင်းရာသီနှင့်အတူ စာသင်ကျောင်းအသီးသီး၌ အာစရိယပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပနေကြလေပြီ။ ဂုဏဝုဒ္ဓိ အရလည်းဖြစ်စေ၊ ဝယဝုဒ္ဓိအရလည်းဖြစ်စေ အနန္တော အနန္တငါးပါးဂိုဏ်းဝင်ကျေးဇူးရှင် ဇရာရွယ်ဝင် ဆရာ ဆရာမတို့အား ညွတ်တွားကော်ရော်ပူဇော်ကန်တော့ရသည့် ဂါရဝတရားမှရလာသော သောမနဿဝေဒနာကို ကဗျာသီကုံး၍ စာပန်းချီမမှုန်းနိုင်ပါပြီ။ ပန်းပျိုးလက်များပိုင်ရှင် ဘဝဥယျာဉ်မှူးတို့က ဖရဏာပီတိ ဂွမ်းဆီထိသည့်ပမာ ကြည်နူးဝမ်းသာစွာဖြင့် သာဓုဆိုကာ ပတ္ထနာဆုပေးပြီး သူတို့၏ရင်ထဲမှ စီးဆင်းလာသော မေတ္တာ၊ ကရုဏာအဟုန်နှင့်အတူ ဩဝါဒကထာချွေကြသည့် ဗဟိဒ္ဓရုပ်ပုံလွှာတို့ကို မြင်တွေ့ရသည်မှာ ဘယ်ပန်းချီရေး၍ မီနိုင်မည်မထင်မိပေ။

ပစ္စုပ္ပန်သည် အတိတ်၏သားသမီးသဖွယ်ဖြစ်သလို အနာဂတ်၏ မိဘသဖွယ်လည်းဖြစ်သည်။ သည်အချိန်ရောက်လာပြန်ပြီဆိုမှဖြင့် ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော စစ်ကွင်းမြို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပမြဲဖြစ်သော တန်းမြင့်ကျောင်း အာစရိယပူဇော်ပွဲကြီးကို ရင်ထဲအမြဲသတိရနေစမြဲပါ။ တန်းမြင့်ကျောင်းကြီးတွင် ကျောင်းကောင်စီအတွင်းရေးမှူးတာဝန်ယူခဲ့စဉ် ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ခါရောက်လာသည်နှင့် ကျောင်းတွင်းအာစရိယ ပူဇော်ပွဲကြီးကို ဦးဆောင်ကျင်းပခဲ့ရသည်များကို တစိမ့်စိမ့်တွေးဆရင်းက တသိမ့်သိမ့်ကြည်နူးနေမိပါသည်။ ယခုတော့ အဝေးတစ်နေရာတွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေဆဲမို့ အာစရိယပူဇော်ပွဲသို့ ကိုယ်တိုင်မသွားရောက်နိုင်သော်လည်း လူကြုံဖြင့် အလှူငွေထည့်ဝင်ကာ ရပ်ဝေးမှမှန်းဆ တမ်းတ ကန်တော့နေရသည်။ ယခုဆိုလျှင် စစ်ကွင်းအသင်းကြီးမှ အမှုဆောင် လူကြီးများဖြစ်ကြသည့် ဦးသန်းစိန်၊ ဦးမြင့်သိန်း၊ ဦးလှကျော်၊ ဦးတင်ဝင်း၊ ဦးဝင်းမောင်၊ ဦးကြင်စိန်၊ ဦးတင်အောင်တို့က အာစရိယပူဇော်ပွဲကြီးကျင်းပရန် စီစဉ်နေလောက်ပြီ။

အငြိမ်းစားဇရာအရွယ် ဆရာ ဆရာမတို့ကို ကိုယ်တိုင်ကိုယ်ကျ ကံသုံးပါးဖြင့် ဦးခိုက်ကန်တော့ရင်းက ကာယနုပဿနာ သတိပဋ္ဌာန်တရားကိုလည်း ဆင်ခြင်ရှုမှတ်၍ ရပါ၏။ ကျေးဇူးရှင် ဆရာ ဆရာမအချို့တို့မှာ သတ္တဝါတိုင်း မလွဲတမ်းသွားရမည့် မရဏာလမ်းသို့ မြန်းခဲ့ကြရှာလေပြီ။ ထိုသောအခါ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်း၍ ရပြန်ပါသည်။ ကန်တော့ခံ ဆရာ ဆရာမတို့၏ ဇရာအရွယ်ရှိ ဗျာဓိဒုက္ခပုံရိပ်များကို ကြည့်မြင်ရင်းက မိမိကိုယ်မိမိ ဝေဒနာ နုပဿနာသတိပဋ္ဌာန်ကို ပွားများခွင့်ရပြန်ပါသည်။ သို့မို့ကြောင့် ကျေးဇူးရှင်ပန်းပျိုးလက်များပိုင်ရှင် ဇရာအရွယ် အငြိမ်းစားဆရာ ဆရာမများကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် ကိုယ်ထိလက်ရောက် ဦးခိုက်ကန်တော့ရခြင်းဖြင့် "ဒါနမယပညာ" သဘောကိုလည်း သက်ရောက်စေပါသည်။ တစ်ဆက်တည်းမှာပင် သီလမယပညာ သဘောကိုလည်း ဖြစ်ပေါ်စေပါသည်။ တစ်ချိန်တည်းမှာပင် ကျေးဇူးရှင် ဆရာ ဆရာမတို့၏ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခဝေဒနာပုံရိပ်များကို သူတို့၏ ဗဟိဒ္ဓသွင်ပြင်တွေ့မြင်ရပြန်သောအခါ ကျွန်တော့်အဖို့ ဝိပဿနာဘာဝနာတရားလည်း ပွားများခွင့်ပါရရှိခြင်းကြောင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကြီး၌ ကိုယ်တိုင်ကိုယ်ကျ ဦးခိုက်ကန်တော့လိုခြင်း ဖြစ်ပါသည်။

စာရေးသူသည် တာဝန်အရ ပြည်ပနိုင်ငံကြီးတစ်နိုင်ငံသို့ ရောက်သွားခဲ့ရာ ထိုနိုင်ငံ၏ အဆင့်မြင့်တက္ကသိုလ်ကြီးရှိ ဘာသာရပ်ဆိုင်ရာသုတေသနပါမောက္ခကြီးတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးလေ့လာခွင့် ရရှိခဲ့သည်။ ထိုအခန်းသို့ဝင်လျှင်ဝင်မိချင်း ထိုပါမောက္ခကြီး၏စားပွဲပေါ်သို့ မျက်နှာချင်းဆိုင်နေရာမှ ပါရဂူ(PhD)တန်း ပညာသင်တပည့်က ခြေစုံပစ်တင်ကာ မေးမြန်းနေသည့် အနိဋ္ဌာရုံမြင်ကွင်းတစ်ရပ်ကို နှလုံးတုန်ရင်ခုန်စွာ မြင်လိုက်ရတော့သည်။ ထိုပါမောက္ခကြီးကလည်း သူ၏ရှေ့စားပွဲပေါ်သို့ ပြန်လည်ခြေစုံပစ်တင်ကာ တပည့်မေးသမျှကို စိတ်ရှည်လက်ရှည်ဖြင့် ပြန်လည်ဖြေကြားနေတော့သည်။ တဒင်္ဂအတွင်းမှာ တပည့်ဖြစ်သူ၏ ဆရာအပေါ်ဆက်ဆံပြုမူနေသည့် အရိုအသေကင်းမဲ့လွန်းလှသော "အဂါရဝတရား"ကို စာရေးသူ၏မနှစ်မြို့နိုင်သော စိတ်နှလုံးကြောင့် အမုန်းမျက်လုံးအစုံဖြင့် ကြည့်နေရင်းက ဒေါမနဿဝေဒနာကို အတော်ကြီးထိန်းချုပ်ထားခဲ့ရပါ၏။

ကျွန်တော်တို့၏မြန်မာ့လူ့အဖွဲ့အစည်းတွင် ပညာရပ်အသီးသီးကို ကိုယ်တိုင်သင်ကြားပေးသည့် "သင်ဆရာ"ကို သာမက ကိုယ်တိုင်သင်ကြားမပေးသော်လည်း သူတို့၏ပညာမှ "ကြားဆရာ"၊ "မြင်ဆရာ"အဖြစ် ကျေးဇူးတရားကို အရေးထားလေးစားရပါသည်။ ကျွန်တော်တို့ဆီမှာ ငယ်စဉ်ကတည်းက အစပြု၍ ဘဝတစ်လျှောက်လုံး လွှမ်းခြုံပဲ့ကိုင်ပေးသော "ပြည်သူ့နီတိ" (Civic Duty)ပညာသည် နေနည်း၊ ထိုင်နည်း၊ ပြောနည်း၊ ဆိုနည်း၊ ဆက်ဆံနည်းကို ဤသို့ ညွှန်ပြထိန်းကျောင်းပေးခဲ့သည်။

"လူရေးလူရာ၊ ရှိစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင်သို့မှတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့ နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွသို့ကုန်း၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင်းသို့လျှိုး၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့်၊ စေ့ရေးမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ခါထား၍၊ သည်းဖျားမှတ်စေချင်၏တည်း။"ဟူသော ပုတ္တောဝါဒဆုံးမစာက "လူ့ဘဝ၏ နေနည်းထိုင်နည်း (Life Style)ကို သင်ကြားပေးထားခဲ့ပြီးဖြစ်သည်ကို အထင်အရှားတွေ့ရမည်ဖြစ်သည်။

ထို့ပြင် ငယ်စဉ်ကတည်းက တိလောကဆုံးမစာတွင်လည်း "မိဦးဘဦး၊ ဆရာဦးကို၊ ခူး၍အလျှင်မစားနှင့်၊ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ၊ ကျောင်းတွင်အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော် ယူငင်သိမ်းဆည်း အသည်းသို့ငြား၊ ကောင်းကောင်းထား၊ ရိုသေတုပ်ကွ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ နည်းခံယူ၍၊ ကြီးသူခေါ်လာ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ် ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်။ ကျောင်းထွက်လူပေဆိုရစေ၊ မင်းသွားငါသွား ငြင်းခုံပွားအောင်၊ စကားဘောင်ဆက်မဆိုအပ် မလျှပ်မပေါ် ခေါ်လျှင်လည်းရ ထကြွမွေ့သိမ်ကျနွေနှင့် ငြိမ်ငြိမ်နေ မျက်စိမငြိမ်း နားမငြိမ်းသည်။ ဟိန်းဟဲ့မဆိုရစေနှင့်၊ မျက်မှောက်ကောင်းငြား၊ ပြင်တစ်ပါးမှာ တခြားမကျင့်ကြလေနှင့်။

မလျှပ်မပေါ် ခေါ်လျှင်လည်းရ ထကြွမွေ့သိမ် ကျနွေနှင့် ငြိမ်ငြိမ်နေ မျက်စိမငြိမ်း၊ နားမငြိမ်းသည်၊ ဟိန်းဟဲ့မဆိုရစေနှင့်၊ မျက်မှောက်ကောင်းငြား၊ ပြင်တစ်ပါးမှာ တခြားမကျင့်ကြလေနှင့်။ မသင့်တတ်ငြား၊ ရန်စကားဖြင့် သွေ့ပြားပွေလီ၊ တစီစီနှင့်တဟီဟီသည် ကျီစား၍လည်း မနေနှင့်။ ဟိနနတ္တာ၊ မဆဲကြနှင့်။ ကြီးကငယ်သည် နင်ဟယ်ကိုမျှ မဆိုကြနှင့်။ ရန်စချုပ်ချည်း၊ ရှောင်လွှဲဖယ်၍ သတ်မည်ကိုထား၊ လက်ဖျားနှင့်မျှ မတို့ကြနှင့်၊ ချစ်လှရိုသေ အချင်းချင်းကို သင်တတ်ပေဟု၊ မအေအရင်း၊ တစ်ဝမ်းတွင်းသို့ သားရင်းတူကွ၊ မှတ်ကုန်ကြ။

တစ်ယောက်ကိစ္စ ကိုင်တွယ်ကြသော် ခြေကြွလက်သာ မနေရာသည် တတ်ပါသမျှ ညီညာကြ၊ ရှေ့ကစူးစူး ဒူးလက်ကိုထောင်၊ ထိုင်ဆောင့်ကြောင့်နှင့် ပေါင်ထောင်လက်ကား အပါးကျပ်ကျပ် မနေအပ်။ အချိန်တန်၍ စာအံဆိုလျှင် မျက်နှာ မသာမချို ထိုထိုအကြံကြီးစွာဖန်၍ မအံတစ်ခါ အံတစ်ခါနှင့် မျက်နှာတစ်ပါး စာတခြားလည်း စကားပြောဟော တသောသောသည် ရယ်မော၍လည်း မနေနှင့်။ မပျင်းမရိ လုံ့လရှိ၍၊ သတိအထဲ အရိုးစွဲအောင် တဖောင်ဖောင်လျှင် သန်းခေါင်ညဥ့်နက် သင်ကျက်သမျှ၊ စစကုန်စေနေ့ကို အလွတ်ရွတ်နိုင်စေ။ ဗဟုသုတတတ်ပါချင်လျှင် သင်သာခိုက်ကို သင်လိုက်ကြ။ သို့ပင်တစေ မနေရသာ၊ ကျောင်းကခွာသော် နှောင်ခါနောင်တ ရှိတတ်စွ အတတ်ပညာတတ်မှသာလျှင် ကျောင်းမှ နေကျိုးနပ်စွာ" ဟူသော ကျေးဇူးတော်ရှင် ရှင်မဟာသီလဝံသ၏ ပြည်သူ့နီတိ ပညာဆိုင်ရာလမ်းညွှန်လင်္ကာကို ဂယနဏ ကျကျနန လေ့လာကြည့်မည်ဆိုပါက ပညာသင်ကြားနည်းသာမက နေနည်း၊ ထိုင်နည်း၊ စားသောက်နည်း၊ ဆက်ဆံနည်းများကိုပါ ပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ပြည်သူ့နီတိ (Civic Duty)ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဖွင့်လိုက်ပါက "ပြည်"ဆိုသည်မှာ သားစဉ်မြေးဆက်အသက်သွေးချွေးတို့ဖြင့် ရင်းနှီးတည်ထောင်လာခဲ့သော နိုင်ငံ၊ တိုင်းပြည်၊ မြို့ရွာနယ်မြေတို့ကိုဆိုလိုပါသည်။ "သူ"ဆိုသည်မှာ "သူ၏"ဟုအဓိပ္ပာယ်ရရှိပြီး ကမ္ဘာပေါ်ရှိ တိုင်းပြည်၊ မြို့ရွာနယ်မြေအသီးသီး၌နေထိုင်သော လူအားလုံးကိုဆိုလိုပါသည်။ "နီတိ"ဆိုသည်မှာ ပါဠိစကားဖြစ်ပြီး "ဆောင်ရွက်"သည်ဟု အဓိပ္ပာယ်ရရှိပါသည်။

ထို့ကြောင့် "ပြည်သူ့နီတိ"ဆိုသည်မှာ ပြည်သူပြည်သား(ဝါ)နိုင်ငံသူ နိုင်ငံသားတို့၏အကျိုးကို တိုးပွားအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံသားအားလုံး၏ ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှု၊ တာဝန်ကျေပွန်၍ နိုင်ငံသားကောင်း သမီးကောင်းဖြစ်ရေး စသည်တို့အတွက် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ (ကင်းဘရစ်အဘိဓာန်- Cambridge Dictionary တွင်လည်း ပြည်သူ့နီတိကို Civic Duty The Study of the rights and duties of citizens ဟု မြန်မာအဓိပ္ပာယ်အတိုင်း ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။)

လူအချင်းချင်း တစ်ဦးနှင့်တစ်ဦး စုရုံးပေါင်းသင်းနေထိုင်ဆက်ဆံရာတွင် သိသင့်သိထိုက်သည့်ကိစ္စအကြောင်းအရာ၊ ပြုသင့်ပြုထိုက်သည့် တာဝန်ဝတ္တရားများကို လေ့လာသင်ကြားလိုက်နာခြင်းဖြင့် လူ့ဘဝ၊ လူလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေမည်ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူတိုင်းကို သင်ကြားပေးသင့်သော ပညာရပ်သည် ပြည်သူ့နီတိပညာရပ်ပင်ဖြစ်သည်။

ပြည်သူ့နီတိပညာရပ်သည် ပညာရေးနယ်ပယ်တွင် "ကိုယ်ကျင့်တရားဆိုင်ရာ ပညာရေး" (Ethics Education) (ဝါ) "စာရိတ္တပညာရေး" (Moral Education)တို့တွင် ပါဝင်သည်။ မကြာသေးမီက ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး (UNESCO)က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကြီးတွင် "အားလုံးအတွက် ကိုယ်ကျင့်တရားဆိုင်ရာပညာရေး" (Ethics Education for All)ဆိုင်ရာ ပထမအကြိမ်ညီလာခံကြီးကို ကျင်းပခဲ့သည်။

ထိုညီလာခံကြီးတွင် အနာဂတ်ခေါင်းဆောင်ကောင်းများ၊ နိုင်ငံသားကောင်း သမီးကောင်းများစွာပေါ်ထွန်းလာရေးအတွက် ပြည်သူ့နီတိပညာကို မဖြစ်မနေသင်ကြားပေးရေး၊ ပရဟိတစိတ်ဓာတ်နှင့်ပရဟိတလုပ်ငန်းများစွာပေါ်ထွန်းလာရေး၊ စိတ်ကောင်းစေတနာကောင်းသော အသိပညာရှင်၊ အတတ်ပညာရှင်များစွာထွန်းကားလာရေး၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှင်သန်ထက်မြက်နေရေး၊ အကြမ်းဖက်စိန်ခေါ်မှုများကို တရားဥပဒေစိုးမိုးရေး (Rule of the Law)လူနေမှုဘဝဖြင့် ရင်ဆိုင်ဖြေရှင်းရေးလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ကျွန်တော်သည် အာစရိယပူဇော်ပွဲများ ကျင်းပချိန်ရောက်လာတိုင်း ငယ်စဉ်မူလတန်း၊ အလယ်တန်းပညာသင်ဘဝ၌ ကျေးဇူးရှင်ဆရာ ဆရာမတို့ သင်ကြားပေးလိုက်သော ပြည်သူ့နီတိပညာရပ်၏ အကျိုးတရားကြောင့် လူနေမှုလောကတွင် ပန်းကောင်းတစ်ပွင့်၊ သီးကောင်းတစ်ခိုင်၊ သစ်ကောင်းတစ်ပင်သဖွယ် မိမိ၏ အတ္တဘဝအကျိုးစီးပွားနှင့်နီးစပ်ရာ ပရဟိတအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဒိဋ္ဌဓမ္မဘဝကို ကျေနပ်မိပါ၏။ ပန်းပျိုးလက်များ ပိုင်ရှင်၊ ဘဝ၏ပဲ့ကိုင်ရှင်၊ ဘဝ၏ဥယျာဉ်မှူးများဖြစ်ကြသည့် အနန္တောအနန္တငါးပါးဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ဆရာမတို့၏ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဂုဏ်ကျေးဇူး အရပ်ရပ်ကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် ပူဇော်ကန်တော့ကြသည့် အာစရိယပူဇော်ပွဲကြီးကျင်းပရာ ဇာတိချက်ကြွေ စစ်ကွင်းမြေမှ အခြေခံပညာအထက်တန်းကျောင်းတော်ကြီးဆီသို့ မရောက်ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ချက်ချလိုက်ရင်းက နှုတ်မှ "နမာမိပါ အာစရိယဆရာ"ဟူ၍ ရွတ်ဆို ဂါရဝပြုလိုက်မိပါတော့သည်။ ။



# (၆၇)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲ အခမ်းအနားကို ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၈ ရက် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဓမ္မသဘင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဥက္ကဋ္ဌ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ သာရဏီယဩဝါဒကထာကို နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိပိဋကဓရ၊ တိပိဋကကောဝိဒစာမေးပွဲဝင် သာသနာ့အာဇာနည်များအား ဓမ္မာသနပလ္လင်တော်များပေါ်သို့ ကနက္ကဒဏ်ထီးဖြူတော်များမိုး၍ ပင့်ဆောင်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ် ၃၃ ရက်ကြာကျင်းပပြီး ပိဋကတ်သုံးပုံအာဂုံပိုင်းတွင် ဝိနည်းငါးကျမ်း၌ အရှေ့ပိုင်း နှစ်ကျမ်းစာမျက်နှာပေါင်း ၈၅၁ မျက်နှာကို ခြောက်ရက်ပြန်ဆိုရပြီး အောင်မြင်ပါက "ဥဘတောဝိဘင်္ဂဓရ"အသိအမှတ်ပြု အောင်လက်မှတ် ဆက်ကပ်သည်။ ဝိနည်းနောက်ပိုင်း သုံးကျမ်းစာမျက်နှာပေါင်း ၁၄၀၉ မျက်နှာကို ကိုးရက်ပြန်ဆိုရပြီး အောင်မြင်ပါက "ဝိနယဓရ" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင် ဆက်ကပ်သည်။

သုတ္တန္တပိဋကသုတ် သုံးကျမ်း စာမျက်နှာပေါင်း ၇၇၉ မျက်နှာကို ကိုးရက် ပြန်ဆိုအောင်မြင်ပါက "ဒီဃဘာဏက" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။

အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်း စာမျက်နှာပေါင်း ၁၃၉၀ ရှိရာ ဓမ္မသင်္ဂဏီတစ်ကျမ်း သုံးရက်၊ ဝိဘင်း တစ်ကျမ်းကို သုံးရက်၊ ဓာတုကထာ တစ်ကျမ်းကို တစ်ရက်၊ ပုဂ္ဂလပညတ်တစ်ကျမ်းကို တစ်ရက်၊ ကထာဝတ္ထု တစ်ကျမ်းကို သုံးရက်စုစုပေါင်း ၁၁ ရက်ပြန်ဆိုအောင်မြင်ပါက "မူလအာဘိဓမ္မိက" အောင်လက်မှတ် ဆက်ကပ်သည်။

အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်းကို စာမျက်နှာပေါင်း၃၅၉၇ မျက်နှာရှိရာ ယမကပါဠိတော်သုံးကျမ်းကို ခြောက်ရက်၊ ပဋ္ဌာနပါဠိတော် ငါးကျမ်းကို ၁၂ ရက် စုစုပေါင်း ၁၈ ရက် အာဂုံပြန်ဆိုအောင်မြင်တော်မူပါက ပိဋကတ်သုံးပုံအာဂုံဆောင် "တိပိဋကဓရ" ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များဆက်ကပ်သည်။ ဝိနည်းရှေ့ပိုင်းမှ အဘိဓမ္မာနောက်ပိုင်းထိ စုစုပေါင်း ၅၃ ရက်တိုင်တိုင် ပြန်ဆိုရသည်။ ပိဋကတ်သုံးပုံ အာဂုံပြန်ဆိုပွဲကို တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီထိ လေးချိန်၊ နေ့ခင်းပိုင်းကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ငါးကြိမ်၊ တစ်ကြိမ်လျှင် ၂၅ မိနစ် ပြန်ဆိုရပြီး ၁၀ မိနစ်နားဖြင့် စုစုပေါင်း ကိုးကြိမ်ပြန်ဆိုရသည်။

ပိဋကတ်သုံးပုံ ရေးဖြေပိုင်းတွင် ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း ၈၅၁ မျက်နှာကို တစ်ရက်လျှင် လေးနာရီမေးခွန်း နှစ်ရက်ဖြေဆိုရသည်။ ဖြေဆိုရာတွင် အောင်မှတ် ၇၅ မှတ်ဖြစ်ပြီး ရေးဖြေအောင်မြင်ပါက "ဥဘတောဝိဘင်္ဂကောဝိဒ"ဘွဲ့လက်မှတ်ဆက်ကပ်ပါသည်။ ဝိနည်းနောက်ပိုင်း သုံးကျမ်း စာမျက်နှာ ၁၄၀၉ မျက်နှာကို သုံးရက် ရေးဖြေအောင်မြင်ပါက "ဝိနယကောဝိဒ" ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။

သုတ္တန္တပိဋကသုတ် သုံးကျမ်း ၇၇၉ မျက်နှာအား သုံးရက် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများဖြေဆိုအောင်မြင်ပါက "ဒီဃနိကာယကောဝိဒ" အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ် အဆောင်အယောင်များ ဆက်ကပ်သည်။ ဝိနည်းနှင့် ဒီဃနိကာယ်ပြန်ဆို/ရေးဖြေအောင်မြင်လျှင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒပိဋကတ်နှစ်ပုံဆောင်ဟု သတ်မှတ်သည်။ ဂုဏ်ထူးအမှတ်မှာ (၈၀)ဖြစ်ပြီး ဂုဏ်ထူးဖြင့်အောင်မြင်ပါက ဘွဲ့တံဆိပ်တော်များ၏အရှေ့၌ "ဝိသိဋ္ဌ"ဘွဲ့ ဂုဏ်ထူး ချီးမြှင့်ပေးသည်။

အဘိဓမ္မာ ရှေ့ပိုင်းငါးကျမ်း စာမျက်နှာပေါင်း ၁၃၉၀ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများအား ငါးရက် ရေးဖြေအောင်မြင်ပါက "မူလအဘိဓမ္မကောဝိဒ" အောင်လက်မှတ် ဆက်ကပ်သည်။

အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်း ၃၅၉၇ မျက်နှာအား လေးရက်ရေးဖြေ အောင်မြင်ပါက "တိပိဋကကောဝိဒ" ဘွဲ့ တံဆိပ်နှင့် အဆောင်အယောင်များ ဆက်ကပ်သည်။ ပိဋကတ်သုံးပုံ ရေးဖြေပွဲကို ဝိနည်းရှေ့ပိုင်းမှ အဘိဓမ္မာနောက်ပိုင်းထိ ကျမ်းစာအုပ်ပေါင်း ၂၀မှ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ရေးဖြေ ၁၇ ရက် ဖြေဆိုရသည်။ ပိဋကတ်သုံးပုံကျမ်းစာအုပ်ပေါင်း ၂၀ မှ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာကို အာဂုံပြန်ဆိုနိုင်ခြင်း၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသော ကျမ်းများမှ သဘောရေးဖြေ အောင်မြင်တော်မူခြင်းတို့ကို အောင်မြင်တော်မူမှသာလျှင်"တိပိဋကဓရ၊ တိပိဋက ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ပရိယတ္တိသာသနာတော်အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ခိုင်မြဲထူးကဲပြန့်ပွားစည်ပင်စေရန်၊ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သည့် သာသနာ့အာဇာနည်အရှင်မြတ်တို့ စဉ်ဆက်မပြတ်ပေါ်ထွက်စေရန်နှင့် ဗုဒ္ဓမြတ်စွာသာသနာတော်တွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာတွင် အဆင့်အတန်းမြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန်ဟူသော ရည်ရွယ်ချက်ကြီး (၃)ရပ်တို့ဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နှစ်စဉ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှု အခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင်ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။


ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၆-၁၂-၂၀၁၄ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၆၀နှင့် ထုတ်ဝေသူသက်တမ်းတိုး ၆၆ ဦး ပေါင်းသက်တမ်းတိုး ၁၂၆ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ နှစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းထုတ်ဝေခွင့် ခြောက်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၀ ဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၁၄၄ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားသူများ အနက် ဂျာနယ်ထုတ်ဝေခွင့်လျှောက်ထားသူ နှစ်ဦး တင်ပြလျှောက်ထားသော ဂျာနယ်များ၏ထုတ်ဝေခွင့်အမည်နှင့်ပတ်သက်၍ စိစစ်ဆဲဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၂၂၃ ဦးနှင့် အသစ်လျှောက်ထားသူ ၄၇ ဦးအားလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၂၄၅ ဦးနှင့် အသစ်လျှောက်ထားသူ ၁၈၆ ဦးအားလည်းကောင်း စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ အသိအမှတ်ပြုလက်မှတ် ၇၀၁ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦး၊ အထွေထွေထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကလေးမြို့တွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား



**ကလေး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၈)တွင် ဦးသက်နိုင်၏နေအိမ်၌ ယနေ့ နံနက် ၁၀ နာရီ မိနစ်၂၀တွင် မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် ၁၀ပေ ပတ်လည် တိုင်ထူ၊ ကပ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး နေအိမ်တစ်လုံး မီးလောင်ကျွမ်း ခဲ့ရာ ကလေးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သန္နေမီးသတ် ၁၀ ဦး၊ အရန် ၂၅ဦးနှင့် ပြည်သူ ၅၀ တို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀နာရီခွဲတွင် မီးလုံးဝငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

## မြန်အောင်တွင် ကောက်လှိုင်းပုံများနှင့် မရိတ်ရသေးသောစပါးပင်များမီးလောင်

**မြန်အောင် ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် တယ်ကုန်းကျေးရွာအုပ်စု ရေနစ်ကွင်းရွာ ကားလမ်းဘေးရှိ လယ်ကွက်များ၌ နွေစပါးစိုက်ပျိုးရန်အတွက် ဒီဇင်ဘာ ၂၇ရက် မွန်းလွဲပိုင်းက မိုးစပါးရိုးဖြတ်များအား မီးရှို့ရာမှ အနီးပတ်ဝန်းကျင်ရှိ လယ်ကွက် ၁၁ဧကမှ ရိတ်သိမ်းပြီးပုံထားသော ကောက်လှိုင်းပုံများ၊ မရိတ်ရသေးသောစပါးခင်းများပါ မီးလောင်ခဲ့သဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် လယ်သမားများက မီးရိုက်တုတ်များဖြင့် လိုက်လံငြိမ်းသတ်ပေးခဲ့ရာ မီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် စပါးတင်း ၅၅၀ခန့် ပျက်စီးဆုံးရှုံး သွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**





ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပွင့်ဖြူမြို့၌ ကျင်းပသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

လူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုက်သင့်သည့် တိုးတက်မှုများရှိသကဲ့သို့ ပြဿနာများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်လည်း ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို ရှေးရှုပြီး တွေ့ကြုံနိုင်သည့် အခက်အခဲပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်စေရန်အတွက် လယ်ယာမြေဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေများ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကြုံတွေ့နေရဆဲဖြစ်သည့် မြေယာအငြင်းပွားမှုပြဿနာများကိုလည်း ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်က ဦးဆောင်ပြီး ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့သည် တောင်သူလယ်သမားများ ရရှိပြီးဖြစ်သည့် အခြေအနေကောင်းများကို လျော့နည်းဆုံးရှုံးခြင်းမရှိစေဘဲ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် လုပ်ငန်းစဉ်များ ချမှတ်ထားပြီး တောင်သူလယ်သမားများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် တောင်သူလယ်သမားရေးရာကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲကြီး၏ အဓိကရည်မှန်းချက်များဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးတွင် တောင်သူလယ်သမားများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖော်ဆောင်ရေးအတွက် ရည်ရွယ်ချက်ချင်းတူညီသည့် အသင်းအဖွဲ့များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရန် ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ဘဝ၊ ဆန္ဒ၊ ပကတိအခြေအနေများနှင့် ထင်ဟပ်သည့် ဆွေးနွေးအဆိုပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ရရှိနိုင်အောင် ဆွေးနွေးသွားကြပါ။ မိမိတို့အနေဖြင့်လည်း ဖော်ထုတ်ရရှိလာမှုများအပေါ် အလေးထားပြီး တောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမက လွှတ်တော်၊ အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သူလယ်သမားကိုယ်စားလှယ်များက အဆိုများကို ဖတ်ကြားတင်သွင်း ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် မကွေးခရိုင် တောင်သူလယ်သမား ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့အဓိကတင်ပြ ဆွေးနွေးသွားမှုများသည် တောင်သူလယ်သမားများ ဆင်းရဲမှု ခက်ခဲကြုံတွေ့နေရဆဲဖြစ်ကြောင်းနှင့် စိန်ခေါ်မှုများ ကြုံတွေ့နေရဆဲဖြစ်ကြောင်းကို သုံးသပ်တွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တောင်သူလယ်သမားဘဝ မြင့်မားတိုးတက်ရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် လယ်ယာမြေပြဿနာများ ဖြေရှင်းပေးရန် တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးမှုရှိမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တောင်သူလယ်သမားများ အပါအဝင် ပြည်သူများအားလုံးပါဝင်ဆောင်ရွက်ရန်ဆိုသည့် အဓိပ္ပာယ်သက်ရောက်သော အဆိုနှင့် မေးခွန်းများဖြစ်ကြောင်း၊ အဆိုပါ အချက်များသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို တွန်းအားပေး တိုက်တွန်းခြင်းဖြစ်သည်ဟု ခံယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့ တင်ပြဆွေးနွေးခဲ့ကြသည့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြင့်မားရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာပြဿနာ ဖြေရှင်းပေးရေး အဆိုများသည် မှန်ကန်ကောင်းမွန်သည့် အဆိုများဖြစ်ကြောင်း၊ လက်ရှိလွှတ်တော်များနှင့် အစိုးရအဖွဲ့များကသာလျှင် မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု တင်ပြတိုက်တွန်းမှုများသည် မှန်ကန်မှုရှိသည့်အတွက် ကြိုဆိုပါကြောင်း၊ ထိုနည်းတူ အောင်မြင်အောင် ဆောင်ရွက်ပေးရမည်ဟု ခံယူပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့နှင့် လွှတ်တော်များသည် လေးနှစ်ကာလ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် လေးနှစ်အတွင်း နိုင်ငံသားများ၏ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးများကို လွှတ်တော် အသီးသီးနှင့်အတူ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ရှင်းလင်းတင်ပြသွားသကဲ့သို့ အစိုးရသစ်လက်ထက်တွင် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ သို့ရာတွင် ချေးငွေတိုးမြှင့်ပေးရုံနှင့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေး မလုံလောက်သေးဟု သုံးသပ်ပြီး ယနေ့တင်ပြချက်များကို ထင်ဟပ်သည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ခုနှစ် အောက်တိုဘာလ၌ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေအကျိုးသက်ရောက်မှုရှိပါက ယနေ့တင်ပြမှုများကို ရာခိုင်နှုန်းပြည့်မဟုတ်သည့်တိုင် ၉၀ ရာခိုင်နှုန်းခန့် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်များအရ စိုက်ပျိုးစရိတ်ချေးငွေ ပိုမိုရရှိရေးနှင့် ချေးငွေပြန်ဆပ်ကာလ တိုးမြှင့်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများဆုံးရှုံးမှုဖြစ်ပေါ်ပါက ထောက်ပံ့ငွေပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများ ဖြန့်ဖြူးပေးရေး၊ ထွက်ရှိသည့်သီးနှံများ ဈေးနှုန်းတည်ငြိမ်ရေးနှင့် ထိုက်သင့်သည့် ဈေးနှုန်းသတ်မှတ်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ဝိုင်းကြီးချုပ် ငွေချေးသည့်စနစ်မှ ကိုယ့်တာဝန် ကိုယ်ယူသည့် ငွေချေးစနစ်ဖြစ်ရေး ထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

ယနေ့ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် တောင်သူလယ်သမားများနှင့် ပြည်သူလူထုအပေါင်းကို ကျေးဇူးတင်ဂုဏ်ပြုပါသည်ဟု ပြောကြားလိုပါကြောင်း၊ အခမ်းအနားပြီးလျှင်ပြီးရော မဟုတ်ဘဲ ရှေ့လုပ်ငန်းစဉ်များချမှတ်ရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ဥပဒေပြုရေးတာဝန်များကို အဓိကထမ်းဆောင်လျက်ရှိပြီး မဏ္ဍိုင်(၃)ရပ် အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်မှာ နိုင်ငံ၏ရငွေ၊ သုံးငွေဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း၌ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ ရေးဆွဲပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့တင်ပြ ဆွေးနွေးချက်များသည် အလွန်ပင်အနှစ်သာရရှိပြီး တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက်သာမက နိုင်ငံတော်အတွက် အရေးကြီးသည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အဆိုသည်လည်း ပြည်ထောင်စုလွှတ်တော်အတွင်း ဆောင်ရွက်နေသည့် ကိစ္စဖြစ်၍ ကြိုဆိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ကျင်းပသည့် တွေ့ဆုံပွဲသည် ရည်ရွယ်ချက်ရှိရှိ စေတနာပါပါကျင်းပသည့် အခမ်းအနားဖြစ်ပြီး အဆိုများ၊ မေးခွန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ ဘဝမြင့်မားရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ယနေ့ဆွေးနွေးပွဲကြီးက ဖော်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင်ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသော တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူ လယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

## ❒ နိုင်ငံတကာမှ

ဝန်ဆောင်မှုကောင်းများဖြင့် ပြေးဆွဲလျက်ရှိသည်။

ထိုအထဲတွင်7MGRG Express လည်း ပါဝင်သည်။ နိုင်ငံတကာခရီးသွားများအတွက် မန္တလေး-ပုဂံ၊မန္တလေး-မင်းကွန်း၊ မန္တလေး-ဗန်းမော်ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိသည်။ မန္တလေး-ပုဂံ ခရီးစဉ်တွင် နံနက် ၆ နာရီခွဲတွင် စစ်ဆေးမှုပြုလုပ်ပြီး စတင်ထွက်ခွာကာ ညနေ ၅ နာရီခွဲတွင် ရောက်ရှိကြောင်း သိရသည်။ ပြည်တွင်းခရီးသည်များအတွက် ငွေကျပ် ၂၅၀၀၀ ပေးဆောင်ရပြီး နိုင်ငံတကာခရီးသွားဧည့်သည်များမှာ ၄၅ ဒေါ်လာပေးဆောင်ရသည်။ လမ်းခရီးတွင် ဧရာဝတီ၏အလှရှုခင်းများ၊ ဧရာဝတီမြစ်ကမ်းဘေးမှ မြန်မာတို့၏ရိုးရာဓလေ့သဘာဝများကို လေ့လာရခြင်းကို အထူးစိတ်ဝင်စားကြသည်။ခရီးသည်များအတွက် နံနက်စာ၊ နေ့လယ်စာ၊ ကော်ဖီ၊ ရေတို့ဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးကြောင်း သိရသည်။ မင်းကွန်း-ပုဂံခရီးစဉ်အတွက် ၇၄ ဦးဆံ့ သင်္ဘောကို အသုံးပြုပြီး မန္တလေး-မင်းကွန်း ခရီးစဉ်အတွက် ၂၅ ဦးဆံ့ ရေယာဉ်ကို အသုံးပြုကြောင်း သိရသည်။ မန္တလေး-မင်းကွန်း ခရီးစဉ်ကို တစ်နေ့နှစ်ကြိမ် ပြေးဆွဲပေးပြီး မန္တလေးမှ နံနက် ၉ နာရီတွင် ထွက်ခွာကာ မင်းကွန်းမှ မွန်းတည့် ၁၂ နာရီတွင် ပြန်လည်ထွက်ခွာခြင်းဖြင့် အသွားအပြန်ဝန်ဆောင်မှုပေးသည်။

ညနေပိုင်းတွင်မန္တလေးမှ မွန်းလွဲ၂ နာရီခွဲတွင် ထွက်ခွာကာ မင်းကွန်းမှ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာခြင်းဖြင့် အသွားအပြန်ဝန်ဆောင်မှုပေးထားသည်။ မန္တလေး-မင်းကွန်း ခရီးစဉ်အတွက် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းယူပြီး နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် ငွေကျပ် ၈၀၀၀ နှုန်းယူကြောင်း သိရသည်။ယခုအခါတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေစိတ်ချမ်းသာစေရေးအတွက် 7MGRG Express မှ ဝန်ဆောင်မှုကောင်းများဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

---

## ❋ ကျောဖုံးမှ

ဂျာဗားပင်လယ်ပေါ်တွင် ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားသည်။

စင်ကာပူ လေကြောင်းအာဏာပိုင်အဖွဲ့၏အဆိုအရ လေယာဉ်သည် အဆက်အသွယ်ပြတ်တောက်ခဲ့ချိန်က အင်ဒိုနီးရှားလေကြောင်းအချက်ပြဒေသ အင်ဒိုနီးရှား လေပိုင်နက်အတွင်း၌ ရှိခဲ့သည်။ ယင်းနေရာမှာ စင်ကာပူ-ဂျကာတာ လေကြောင်းအချက်ပြဒေသ၏ အရှေ့တောင်ဘက် မိုင်ပေါင်း ၂၃၀ ကျော်တွင် ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ လေတပ်၊ ရေတပ်တို့က အင်ဒိုနီးရှားအာဏာပိုင်အဖွဲ့ကို ကူညီရှာဖွေရန် အသင့်ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်။

လေယာဉ်ပေါ်တွင် စုစုပေါင်း လူ ၁၆၂ ဦး စီးနင်းလိုက်ပါသွားကာ လေယာဉ်မောင်းနှစ်ဦး၊ လေယာဉ်ဝန်ထမ်း ငါးဦးနှင့် ခရီးသည် ၁၅၅ ဦးဖြစ်ပြီး ခရီးသည်များတွင် အင်ဒိုနီးရှားနိုင်ငံသား ၁၄၉ ဦး၊ တောင်ကိုရီးယားနိုင်ငံသား သုံးဦး၊ မလေးရှား၊ဗြိတိန်နှင့် စင်ကာပူနိုင်ငံသား တစ်ဦးစီတို့ဖြစ်ကြောင်း လေကြောင်းလိုင်းက ထုတ်ပြန်ကြေညာထားသည်။

ပျောက်ဆုံးသွားသော အဲအေရှလေယာဉ်ပေါ်ပါ ခရီးသည်များ၏ ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများအတွက် စောင့်ဆိုင်းဧရိယာ၊ လိုအပ်သောအထောက်အပံ့များကို ချန်ဂီလေဆိပ်၌ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း စင်ကာပူလေကြောင်းက သတင်းထုတ်ပြန်ခဲ့သည်။

ယခုလေယာဉ် လက်ရှိပျောက်ဆုံးနေမှုသည် မလေးရှားလေကြောင်းလိုင်းပိုင် အမ်အိတ်ခ်ျ ၃၇၀ ပျောက်ဆုံးပြီးနောက် ၁၀ လနီးပါးအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် လေယာဉ်ပျောက်ဆုံးမှုဖြစ်သကဲ့သို အရှေ့တောင်အာရှဒေသတွင်း လေကြောင်းလိုင်းများအနေဖြင့် တတိယအကြိမ် လေယာဉ်မတော်တဆမှုဖြစ်ပွားခြင်းလည်း ဖြစ်သည်။

**စီအင်န်အင်န်**

---

❁ နေပြည်တော်ဗုဒ္ဓဂယာမှ

ဘုရားကြီးကို ပင့်ဆောင်ရန်အတွက် စက်ယန္တရားများမှာ ဒီဇင်ဘာ ၂၆ ရက်က စကျင်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ၂၇ ရက်က ပင့်ဆောင်ရန်အတွက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဘုရားကြီးမှာ အကြမ်းထည်သာပြီးစီးနေပြီး ဉာဏ်တော် ၄၄ ပေနှင့်ကိုယ်လုံးတော်အကျယ် ၁၄ ပေရှိပြီး တန် ၁၀၀ နီးပါးရှိကြောင်း၊ ထုဆစ်နေသည်မှာ နှစ်လနီးပါး ကြာမြင့်နေပြီဖြစ်ကြောင်း ဘုရားကြီးကို ထုဆစ်နေသူတစ်ဦးက ပြောသည်။ မဟာသကျရံသီ ရုပ်တော်မူဘုရားကြီး ထုဆစ်ရာသို့ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်လျက်ရှိသည်ကို တွေ့ရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

---

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# စွမ်းရည်သုံးရပ်ပြည့်ဝထက်မြက်မှုသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေသည့် တပ်မတော်အတွက် အရေးကြီး



**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကြီးမားသော တာဝန်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရသည့် တပ်မတော်သည် ထူးခြားသော ဝိသေသများရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိသဘော ဆန္ဒအလျောက် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းခြင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ပင်ပန်းဆင်းရဲမှုဒုက္ခများစွာ ရင်ဆိုင်ရမည့်အပြင် လိုအပ်က အသက်ပင်ပေးရမည်ကို သိရှိသော်လည်း မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် ကြည်ဖြူစွာ တာဝန်ထမ်းဆောင်ကြခြင်း၊ နယ်စပ်ဒေသ အစွန်အဖျားမကျန် နိုင်ငံအနှံ့အပြား၌ ကျရာတာဝန်ကို သွားရောက်ထမ်းဆောင်ရခြင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ယနေ့တိုင်အောင် တပ်မတော်၏သမိုင်းနှင့် နိုင်ငံတော်သမိုင်းတစ်ဆက်တစ်စပ်တည်းရှိနေခြင်းစသည့်ထူးခြားသော ဝိသေသများရှိသည့် သမိုင်းကြောင်းအစဉ်အလာနှင့် ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းရန်လည်း တာဝန်ရှိကြောင်းဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် မြိတ်တပ်နယ်နှင့် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့နယ်ခွဲရှိ ကျောက်ထနောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သက်ဆိုင်ရာ တပ်နယ်ခန်းမများ၌ တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊ တပ်နယ်အသီးသီးမှ အရာရှိ၊စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေးဆိုသည့် စွမ်းရည်သုံးရပ် ပြည့်စုံထက်မြက်မှုသည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်အတွက် လွန်စွာအရေးကြီးကြောင်း၊ လူတိုင်းသည်စွမ်းရည်ရှိရန် လိုကြောင်း၊ ယင်းကဲ့သို့ တစ်ဦးချင်း စွမ်းရည်များကို ပေါင်းစည်းခြင်းဖြင့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရမှာ ဖြစ်ကြောင်း၊ အမှတ်တမဲ့ နေထိုင်ခြင်းသည် တပ်မတော်၏ စွမ်းရည်သုံးရပ်ကို ထိခိုက်နိုင်၍ စစ်သည်အဆင့်အတန်းအားလုံးသည် အသိတရားရှိရှိဖြင့်ပြုမူကျင့်ကြံနေထိုင် လုပ်ကိုင်ကြရန်လိုကြောင်း၊ နယ်စပ်ဒေသလုံခြုံရေးနှင့် ပတ်သက်၍ ထိရောက်စွာကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ဘာသာရေး အစွန်းရောက်များ၏ အန္တရာယ်နှင့် တရားမဝင်လူဝင်မှုကိစ္စရပ်များအား အမျိုးသားရေးအမြင်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြေသယံဇာတ၊ ရေသယံဇာတများတရားမဝင် ခိုးထုတ်ရောင်းဝယ်မှု မရှိစေရေး၊ ထိရောက်စွာကာကွယ်ပေးရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ အစဉ်အလာ သမိုင်းကြောင်းအရ တပ်မတော်၏အသက်သည် စည်းကမ်းဖြစ်၍ တပ်မတော်သားများသည် အခြားသူများထက်ပို၍ ထုတ်ပြန်ထားသည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်ညီညွတ်စွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးလမ်းကြောင်း ရေစီးကြောင်းတွင် စစ်သည်တိုင်း ပါဝင်လာနိုင်ရန် ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးစားအားထုတ်လုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ စည်းရုံးရေးဆိုသည်မှာ အင်အားတည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်မှာ အရာရှိ၊ စစ်သည်များတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များတွင် ရဲမေ၊ မိသားစုများပါ အတူလိုက်ပါနေထိုင်ကြခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်စစ်သည်မိသားစုအားလုံး၏ စားသောက်နေထိုင်မှု၊ သွားလာမှု၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများသည် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဝင်ရောက် အမှုထမ်းကြသူများဖြစ်သကဲ့သို့ ရဲမေများသည်လည်း အလားတူပင်ဖြစ်၍ ညီအစ်ကိုမောင်နှမ သဖွယ် မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်စည်းရုံးရေးကော်မတီအဆင့်ဆင့်သည် လုပ်ငန်းစဉ်များ လက်အောက်သို့ အမိန့်ပေးစေခိုင်းခြင်းမျိုး မဟုတ်ဘဲ စည်းရုံးရေးနည်းလမ်းဖြင့် ကိုယ်တိုင် အသိစိတ်ဓာတ်နှင့် လိုက်ပါလုပ်ဆောင်စေရန်သာဖြစ်ကြောင်း၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် မိသားစုရေးရာကိစ္စများတွင် စည်းရုံးရေးလုပ်ငန်းသက်သက်ဖြင့်သာ ပါဝင်ဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အမှာစကား ပြောကြားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြိတ်တပ်နယ် တပ်မတော်အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးက လည်းကောင်း၊ ကျောက်ထနောင်း တပ်နယ်အတွက် လက်ဆောင်ပစ္စည်းများနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ရာ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်သန်းကလည်းကောင်း လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက အားကစားပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တပ်နယ်အလိုက် ဒုတိယတိုင်းမှူးနှင့် တပ်ရင်း၊တပ်ဖွဲ့မှူးများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊စစ်သည်၊မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြပြီး ကျောက်ထနောင်းတပ်နယ်ရှိ တပ်ရင်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်တပ်နယ် တပ်မတော်ဆေးရုံသို့ သွားရောက်ကာ ဆေးရုံ တက်ရောက်ကုသနေသော အရာရှိ၊စစ်သည်များအား တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများ မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကုသရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ အနုပညာရှင်များအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ အနုပညာရှင်များအား ဂုဏ်ပြုသည့်ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်း၌ ရန်ကုန်မြို့ရှိ Sky Star Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက နိုင်ငံတော်အနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ အကျိုးစီးပွားကို အားပေးကူညီပံ့ပိုးလျက်ရှိမှု၊ ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးကို လောကသားများကိုယ်တိုင် ကြိုးစားအားထုတ်ရန်လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ကျေးဇူးတင်စကားပြောကြားပြီး ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကဲဖြတ်များကိုယ်စား ဒါရိုက်တာအောင်မြင့်မြတ်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ပံ့ပိုးကူညီပေးကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် အကယ်ဒမီ ထူးချွန်ဆုရရှိကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မင်္ဂလာကုမ္ပဏီတို့က တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီ ချီးမြှင့်ကြပြီး အကယ်ဒမီထူးချွန်ဆုရရှိကြသူများကိုယ်စား အကယ်ဒမီ မင်းဦးက ကျေးဇူးတင်စကား ပြောကြားကာ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်က အခမ်းအနားသို့တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# မြရောအားကစားပွဲတော် ကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ နောင်ရိုးအားကစားခန်းမရှေ့မှ စတင်၍ ပြည်သူ့အားကစားကွင်းသို့ လမ်းလျှောက်ကာ ကိုယ်လက်လေ့ကျင့်ခန်းအတွဲ (၁)နှင့်(၂)တို့ကိုပြုလုပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်အတူ မြောင်းမြမြို့ရှိ ပြည်လုံးချမ်းသာရွှေသာလျောင်းဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဂန္ဓကုဋိတိုက်မှန်ကျောင်းဆောင်အသစ် ဆောက်လုပ်ပြီးစီးခြင်း ရေစက်ချအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် မြရောအားကစားပွဲတော် ဘောလုံးဗိုလ်လုပွဲတွင် ငါးမြင်းချောင်း(က)ဘောလုံးအသင်းနှင့် မြို့မ(မရမ်းကုန်း)ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပထမဆုရငါးမြင်းချောင်း(က)ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ကာ အားကစားပွဲတော် ပိတ်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍအဖွဲ့တို့ ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တို့ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့်အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍ ကုန်သည်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပုဂ္ဂလိကကဏ္ဍ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့က မြေယာအသုံးချမှု၊ သွင်းကုန်/ပို့ကုန်နှင့်အကောက်ခွန်ရှင်းလင်းရေး၊ တရားမဝင် ကုန်သွယ်မှု၊ ငွေကြေးအရင်းအနှီး ရရှိနိုင်မှု၊ အခွန်အကောက်ကိစ္စများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# မြောက်ကိုရီးယားနိုင်ငံ၏ အင်တာနက်လိုင်းများထပ်မံပြတ်တောက်

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၈**

မြောက်ကိုရီးယားနိုင်ငံသည် အင်တာနက်လိုင်းများနှင့် **3G** မိုဘိုင်းကွန်ရက်များ ယမန်နေ့ညပိုင်းတွင် ထပ်မံပြတ်တောက်သွားရာ ထိုသို့မကြာခဏပြတ်တောက်နေခြင်းနှင့်ပတ်သက်ပြီး မြောက်ကိုရီးယား အာဏာပိုင်များက အမေရိကန်နိုင်ငံကို အပြစ်တင်ထားကြောင်း ဆင်ဟွာသတင်းဌာနက ယမန်နေ့တွင် ဖော်ပြသည်။

အင်တာနက်လိုင်းများသည် ယမန်နေ့ ဒေသစံတော်ချိန် ည ၉ နာရီခွဲမှစပြီး ပြတ်တောက်သွားကြောင်း သိရသည်။

### လက်တုံ့ပြန်

ယခုကဲ့သို့ မကြာခဏ အင်တာနက်လိုင်း ပြတ်တောက်ခြင်းသည် အမေရိကန်သမ္မတအိုဘားမား၏ မြောက်ကိုရီးယားနိုင်ငံအပေါ် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအာဏာပိုင်များက စွပ်စွဲထားသည်။ နိုဝင်ဘာ ၂၂ရက်တွင် အမေရိကန်နိုင်ငံ၏ ဆိုနီရုပ်ရှင်လုပ်ငန်းကို ဆိုက်ဘာတိုက်ခိုက်မှုကျူးလွန်မှုအပေါ် အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအား စွပ်စွဲခဲ့ကြောင်း သိရသည်။ သမ္မတအိုဘားမားအနေဖြင့် ယင်းသို့ဆိုက်ဘာ တိုက်ခိုက်ခြင်းခံရမှုအပေါ် လက်တုံ့ပြန်မည်ဟု ကတိပြု ပြောကြားထားပြီး မည်သို့လက်တုံ့ပြန်မည်ကိုမူပြောကြားထားခြင်းမရှိပေ။

### စနက်မကင်း

မြောက်ကိုရီးယားနိုင်ငံ၏ အင်တာနက်လမ်းကြောင်းအများစုမှာ တရုတ်နိုင်ငံကို ဖြတ်ပြီး သွယ်တန်းထားသည်။ နှစ်နိုင်ငံသည် အချိန်ကြာမြင့်စွာတည်ရှိခဲ့ပြီဖြစ်သော မဟာမိတ်နိုင်ငံဖြစ်သော်လည်း မြောက်ကိုရီးယားနိုင်ငံ၏ အချို့သော လုပ်ဆောင်ချက်များကိုမူ တရုတ်နိုင်ငံအနေဖြင့် ကြိုက်နှစ်သက်ခြင်းမရှိကြောင်းနှင့်ယခုရင်ဆိုင်နေရသော မြောက်ကိုရီးယားနိုင်ငံ၏ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းသည် တရုတ်နိုင်ငံ၏ စနက်မကင်းကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။

**(ဆင်ဟွာ)**

# မလေးရှား၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ရေကြီးမှုများ ဖြစ်ပေါ်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈**

မလေးရှားနိုင်ငံအရှေ့ဘက်ကမ်းရိုးတမ်းတစ်လျှောက်တွင် နှစ်ပေါင်းသုံးဆယ်အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိရာ အနည်းဆုံးလူ ငါးဦး သေဆုံးခဲ့ကြောင်းသိရသည်။

အချို့သောဒေသများတွင်တစ်မြို့လုံးနီးပါး ရေလွှမ်းမိုးသောကြောင့် လူပေါင်း ၁၀၀၀၀၀ကျော် နေရပ်စွန့်ခွာခဲ့ရသည်။

ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ဒုက္ခသည်များအား ထောက်ပံ့ရေးပစ္စည်းများလိုက်လံပေးနေသည်။ မလေးရှားအစိုးရသည် ကယ်ဆယ်ရေးစခန်းများကို ဒေါ်လာ ၁၄ သန်း ထောက်ပံ့ပေးထားကြောင်းသိရသည်။

အလားတူ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့်အနည်းဆုံးလူ ရှစ်ဦး သေဆုံးပြီး လူနှစ်ဦး ပျောက်ဆုံးနေကြောင်း အာဏာပိုင်များက ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်း စီရင်စု လေးခုရှိ ရွာပေါင်း ၁၄၁၅ ရွာကျော် ရေလွှမ်းမိုးမှုဒဏ် ရင်ဆိုင်နေရကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနကပြောသည်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက ထောက်ပံ့ရေးပစ္စည်းများ တောင်းခံထားကြောင်းနှင့် ထိုင်းတပ်မတော်အနေဖြင့် ကူညီထောက်ပံ့ပေးရန် ပြင်ဆင်နေကြောင်း တာဝန်ရှိသူ တစ်ဦးကဆိုသည်။

ထိုင်းဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာက ရေကြီးမှုဒဏ် ရင်ဆိုင်နေရသော ဒေသများသို့သွားရောက်ခဲ့ပြီး အာဏာပိုင်များအား ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်ရန် တိုက်တွန်းပြောကြားခဲ့သည်။



သီရိလင်္ကာနိုင်ငံတွင် ရတ်သတ္တပတ်ကြာမိုးရွာသွန်းမှုကြောင့် ရေကြီးမှုများနှင့်မြေပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူ ၂၄ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် လူပေါင်း ၁၀၆၀၀၀ ခန့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနကပြောသည်။

နိုင်ငံ၏အရှေ့တောင်ပိုင်း ဘက်ဒူလာခရိုင်တွင် မြေပြိုမှုကြောင့် အပျက်အစီးအများဆုံးရှိပြီး လူ၁၄ဦး သေဆုံးခဲ့သည်။

တာဝန်ရှိသူများက ရေကြီးမှုဒဏ်ခံရသော ဒေသများရှိ အကျဉ်းသားများအား ထောင်ပြောင်းရွှေ့မှုနှင့်လူနာများအား ဆေးရုံပြောင်းရွှေ့မှုများ လုပ်ဆောင်နေကြောင်းသိရသည်။

**အေပီ။**

# ရုရှားက ယူကရိန်းကို ကျောက်မီးသွေးနှင့်လျှပ်စစ် ထောက်ပံ့မည်

**မော်စကို ဒီဇင်ဘာ ၂၈**

နိုင်ငံ၏ စက်မှုလုပ်ငန်းများ ထွန်းကားရာ အရှေ့ပိုင်းဒေသတွင် ပုန်ကန်သူတို့၏ ပြဿနာကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ကုန်ကြမ်းလောင်စာမလုံမလောက်ဖြစ်နေသည့် ယူကရိန်းနိုင်ငံကို ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အား ထောက်ပံ့မည့် စာချုပ်အသစ်တစ်ခုကို ရုရှားနိုင်ငံက ယနေ့သဘောတူလိုက်ပြီဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

ယူကရိန်းက ၎င်းသည် ခရိုင်းမီးယားသို့ ရထားနှင့်ကား သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းတို့ကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားပြီးသည့်နောက် အဆိုပါ သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယူကရိန်းက ဖော်ပြပါအတိုင်း ရပ်ဆိုင်းမည်ဆိုပါက ခရိုင်းမီးယားဒေသ အဝင်အထွက်ကို ပိတ်ဆို့လိုက်သကဲ့သို့ ဖြစ်သွားမည် ဖြစ်သည်။

သမ္မတဗလာဒီမာပူတင်က စိတ်ကောင်းစေတနာကောင်းပြသသည့်အနေဖြင့် ယူကရိန်းသို့ကြိုတင်ငွေတောင်းခံခြင်းမရှိဘဲ ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားများ ရုရှားက ထောက်ပံ့မည်ဖြစ်ကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်က တပ်(စ်) သတင်းဌာနကို ပြောသည်။

ငွေပေးချေနိုင်စွမ်းမရှိသော်လည်း စွမ်းအင်ထောက်ပံ့ရေး အခြေအနေ ဆိုးရွားနေသဖြင့် ဤသို့ စတင်ထောက်ပံ့ရန် ပူတင်က ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ပက်စ်ကော့ဗ်က ပြောသည်။

ရုရှားက ယူကရိန်းကို တစ်လလျှင် ကျောက်မီးသွေးတန်ချိန် ၅၀၀၀၀၀ ထောက်ပံ့ရန် စီစဉ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဒီမီထရီကိုဇတ်က ရိုစီယာ ၂၄ ရုပ်မြင်သံကြားသို့ ပြောကြားခဲ့သည်။ ထပ်မံ၍ သဘောတူညီမှုတစ်ခုရရှိမည်ဆိုလျှင် တစ်လလျှင် နောက်ထပ်တန်ချိန် ၅၀၀၀၀၀ ထောက်ပံ့ရန် အဆင်သင့်ရှိကြောင်း ထပ်မံပြောကြားသည်။

ယူကရိန်း၏ ယခုနှစ် အရန်ကျောက်မီးသွေးပမာဏမှာ တန်ချိန် ၁ ဒသမ ၅ သန်းသာရှိပြီး ပုံမှန်ဆောင်းရာသီလက်ကျန်မှာ တန်ချိန် လေးသန်းမှ ငါးသန်းအထိရှိသည်ဟု စွမ်းအင်ဝန်ကြီးဌာန ကိန်းဂဏန်းများတွင်ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် ၎င်း၏လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏကို လုံလောက်စေရန် ထုတ်ပေးနိုင်စွမ်းရှိသည်။ သို့သော် ပုန်ကန်သူများနှင့် လချီကြာသော တိုက်ပွဲများက ကျောက်မီးသွေးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောစက်ရုံများသို့ လုံလောက်အောင် မထောက်ပံ့နိုင်ပေ။ ၎င်းလျှပ်စစ်ဓာတ်အားပေးစက်ရုံများက နိုင်ငံ့လိုအပ်ချက်ပမာဏ၏ ၄၀ ရာခိုင်နှုန်း ထုတ်လုပ်ပေးသည်။

**ရိုက်တာ။**

# အိုင်အက်စ်အဖွဲ့ ထိန်းချုပ်ထားသော နယ်မြေအတွင်း ဆီးရီးယားအစိုးရက တိုင်ကီဗုံးများကြဲချ

**ဒမတ်စကတ် ဒီဇင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံအရှေ့တောင်ပိုင်းမှ အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသော နယ်မြေအတွင်းသို့ ဆီးရီးယားလေတပ်လေယာဉ်များနှင့် ရဟတ်ယာဉ်များက တိုင်ကီဗုံးများ ကြဲချလျက်ရှိရာ စုစုပေါင်း လူ ၄၀ ခန့် သေဆုံးခဲ့ကြောင်း လှုပ်ရှားတက်ကြွသူများက ပြောကြားသည်။

အလက်ပိုမြို့အနီးရှိ အယ်လ်ဘတ်နှင့် ကွာဘက်ဆန်ဒေသများအား ဒီဇင်ဘာ ၂၅ရက်နှင့် ယင်းနေ့ တစ်ညတာလုံးအတွက် ပစ်မှတ်ထားကြဲချခဲ့သော အဆိုပါတိုင်ကီဗုံးများမှာ အကြမ်းထည်အဖြစ် တည်ဆောက်ထားသော ဗုံးများဖြစ်ကြသည်။

ဆီးရီးယားအစိုးရအား ဆန့်ကျင်ကန့်ကွက်နေသည့် အဖွဲ့အစည်းများ၏ အဆိုအရ ဆီးရီးယားအစိုးရသည် မကြာသေးမီကာလများအတွင်းကပင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေသည်ဟုဆိုသည်။

ဆီးရီးယားနိုင်ငံ၏ သမ္မတဘာရှားအယ်လ်အာဆတ်အား ဆန့်ကျင်လှုပ်ရှားမှုများ ၂၀၁၁ ခုနှစ်အတွင်း စတင်ဖြစ်ပွားချိန်ကတည်းက ဆီးရီးယားပြည်သူ ၂၀၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

၎င်းအပြင် ဆီးရီးယားပြည်သူဦးရေ ၃ ဒသမ ၂ သန်းခန့်သည် ဆီးရီးယားနိုင်ငံအား စွန့်ခွာထွက်ပြေးရပြီး ၇ ဒသမ ၆ သန်းရှိသော ဆီးရီးယားပြည်သူများမှာ ပြည်တွင်း၌ လှည့်လည်အခြေစိုက်နေထိုင်နေရသည်။

အိုင်အက်စ်အဖွဲ့အား အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ စုပေါင်း၍ လေကြောင်းစီးနင်းမှုများ ပြုလုပ်ခဲ့သည့် ယခုနှစ် စက်တင်ဘာလနောက်ပိုင်းတွင် ဆီးရီးယားအစိုးရက လူဦးရေ ၁၀၀၀၀၀ ခန့်နေထိုင်သည့် အယ်လ်ဘတ်မြို့အား မကြာသေးမီရက်ပိုင်းအတွင်းက လေကြောင်းစီးနင်းတိုက်ခိုက်မှုများ ပိုမိုပြုလုပ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **ဘီဘီစီ။**



# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သတင်းထောက်တစ်ဦး ပစ်သတ်ခံရ

**ဂိုးမား(ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ) ဒီဇင်ဘာ ၂၈**


ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ နိုင်ငံပိုင်ရေဒီယိုနှင့် အသံလွှင့်ဌာနမှ သတင်းထောက်တစ်ဦးမှာ မငြိမ်မသက် ဖြစ်နေသည့် နိုင်ငံအရှေ့ပိုင်း ဂိုးမားမြို့တော်၌ ပစ်သတ်ခံခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဒီဇင်ဘာ ၂၆ ရက်တွင် ရင်ဘတ်ကိုသေနတ်ဖြင့် ပစ်သတ်ခံရပြီးနောက် ရောဘတ်ချမ်ဝါမီရှာလူဘူတို၏ အလောင်းအား သူ၏အိမ်အနီးရှိ ကုန်စုံဆိုင်တစ်ခုတွင် တွေ့ရှိခဲ့ကြောင်း မြောက်ကီဗူပြည်နယ် ပြောရေးဆိုခွင့်ရှိသူ ဆယ်လစ္စတင်စီ ဘိုမန်နာက ဆိုသည်။

### အသက်ရှင်လွတ်မြောက်

ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဖယ်လာလူတိုင်ချီဝါက သတင်းထောက်သေဆုံးမှုကို အတည်ပြုခဲ့ပြီး လုပ်ကြံသတ်ဖြတ်မှုတစ်ခုဟု ညွှန်းဆိုလိုက်သည်။ နိုင်ငံပိုင်ရေဒီယိုနှင့် အသံလွှင့်ဌာနမှ အခြားသတင်းထောက်ဖြစ်သူ ဖီလီမွန်ဂီရာသည် ပြီးခဲ့သည့် အောက်တိုဘာလက သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရပြီး အသက်ရှင်လွတ်မြောက်ခဲ့သော်လည်း ၎င်း၏ ညာဘက်ခြေထောက်မှာ ဖြတ်တောက်ခဲ့ရသည်။

ဒေသခံ NGO အဖွဲ့ဖြစ်သည့် Journalist In Danger ၏ အဆိုအရ ပြီးခဲ့သည့် ၁၆ နှစ်တာကာလအတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သတင်းထောက်ဆယ်ဦးဝန်းကျင် သတ်ဖြတ်ခံခဲ့ရကြောင်း၊ အများစုမှာ မြောက်နှင့်တောင် ကီဗူပြည်နယ်များတွင်ဖြစ်ကြောင်း သိရသည်။

**(ပီတီအိုင်)**



# လူမသန် အနုပညာစွမ်း



သန့်ဇင်ဝင်း

ရန်ကုန်မြို့ထဲ လမ်းလျှောက်နေစဉ် မဟာဗန္ဓုလလမ်းမကြီးဘေး ပလက်ဖောင်းပေါ်တွင် အသက်(၅၀) ဝန်းကျင်ရှိ အမျိုးသားတစ်ဦး ပန်းချီရေးဆွဲပြီး ရောင်းချနေမှုအား လမ်းသွားလမ်းလာများက ဝိုင်းအုံကြည့်နေကြသည်ကို တွေ့ရသည်။ ကျွန်တော်လည်းစပ်စုကာ ဝင်ရောက်ကြည့်မိသည်။ ပန်းချီကားများကို ရေးဆွဲသူကားလက်ဖြင့် ပန်းချီရေးနေခြင်းမဟုတ်၊ ခြေထောက်ဖြင့် ပန်းချီရေးသူဖြစ်နေ၏။ သူ့အား လူမသန်ပေမယ့် အနုပညာစွမ်းသူဟု တင်စားလိုက်ပါရစေ။ ထိုကဲ့သို့ ပန်းချီရေးဆွဲနေသည်က တွေ့မြင်ရသူများအတွက် အထူးအဆန်းဖြစ်နေ၏။ စိတ်ဝင်စားဖွယ် သူ့လက်ရာပန်းချီကားများဖြစ်သည့် တော၊ တောင် သဘာဝရှုခင်းပုံများ၊ အိမ်ပုံပန်းချီကား၊ ဇီးကွက်ရုပ်များ၊ ကိန္နရီ ကိန္နရာ ပန်းချီကားများဖြင့် ဖြန့်ကြက်ရောင်းချနေ၏။

စကားစမြည်ပြော၊ မေးကြည့်တော့မှ သူ့ဇာတိကား ရန်ကုန်မှမဟုတ်၊ တောင်ကြီးမှပြောင်းလာခဲ့သည်ဟု ပြော၏။ ၁၉၉၂ ခုနှစ်က ဖိလစ်ပိုင်သံအမတ်ကြီး တောင်ကြီးသို့ လည်ပတ်ရာမှ သူ့အားတွေ့ခဲ့စဉ် ရန်ကုန်သို့ခေါ်ဆောင်ကာ ပန်းချီပညာသင်ကြားရန် ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းဘက်ရှိ ပန်းချီဆရာကိုမြင့်လွင်နှင့် ပန်းချီပညာကို သုံးနှစ်ကြာသင်ယူပြီးနောက် ယခုလို ဆီဆေးပန်းချီကားများ ရေးဆွဲနိုင်ကြောင်း သူကပြောပြ၏။ ယခင်က သူပန်းချီဆွဲလျှင် ဘောင်ပန်းချီကားများရေးဆွဲခဲ့ပြီး ထိုဘောင်ပန်းချီကားများရေးဆွဲခြင်းလုပ်ငန်းသည် ကုန်ကျစရိတ် အရင်းအနှီးများသဖြင့် ယခုလို ကတ်ပြားပန်းချီကားများသာ ရေးဆွဲနေခြင်းဖြစ်ကြောင်း ပြောပြသည်။

သူသည် တောင်ကြီးမြို့ ဘုရားဖြူဘက်ရှိ ခရစ်ယာန်ဘုရားကျောင်းဝင်းတွင်း အခြေခံပညာမူလတန်းအောင်သည်အထိ ပညာသင်ယူခဲ့ပြီး ဝါသနာပါသည့် ပန်းချီကို အသက်မွေးဝမ်းကျောင်းပြုသည်အထိ ရွေးချယ်ခဲ့ပြီး ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ရောက်ပြီးနောက် ပန်းချီရေးဆွဲခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေရင်း သူအိမ်ထောင်ကျခဲ့ပြီး ယခုသားနှစ်ဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။ သားအကြီးဆုံးကား သူ့အလုပ်နှင့်သူဖြစ်ပြီး သူ့ဝင်ငွေနှင့်သူရပ်တည်နေပြီဟု ပြော၏။ သားအလတ်က (၉)တန်း၊ သမီးငယ်က (၈)တန်း တက်နေသည်။

ပန်းချီကား ရောင်းရငွေများဖြင့် သူ၏ အိမ်ရှင်မကို နေ့စဉ် ဈေးဖိုးလုံလောက်စွာပေးနိုင်ပြီး သားသမီးများကိုလည်း ကျောင်းစရိတ်/ မုန့်ဖိုးများလည်းပေးနိုင်၏။ ပန်းချီကား ရောင်းရငွေများကတော့ ပုံမှန်မဟုတ်။ ပွဲဈေးခင်းများရှိမှသာ ပိုရောင်းချရပြီး သာမန်နေ့များတွင် ပန်းချီကားငါးကားကိုပင် တစ်နေကုန် ရောင်းရသည်ကို တွေ့ရ၏။ ပန်းချီကားဝယ်သူတစ်ဦးက ပုံတူပန်းချီအပ်ရန်မေးသည့်အခါ ၁၀ ရက်အတွင်း လက်ခံဆွဲရေးပေးနိုင်ကြောင်း ပြော၏။ နယ်ဝေးဘုရားဈေးပွဲများသို့လည်း သွားရောက်ကာ ရေးဆွဲရောင်းချလျှင် အိမ်မှလိုက်ပို့ပေးရ၏။

သူ၏ တစ်နေရာနှင့် တစ်နေရာ ရွှေ့ပြောင်းသွားလာပုံကား စိတ်ဝင်စားစရာ ကောင်းပြန်၏။ အငှားယာဉ်မစီး။ လိုင်းကားဖြင့်သာ သွားလာပြန်၏။ မင်္ဂလာဒုံမြို့ရှိ သူ့နေအိမ်မှ ဝါယာလက်သို့ ဆိုင်ကယ်ငှားစီးကာ ထိုမှတစ်ဆင့် ရန်ကုန်မြို့ထဲသို့ ၅၁ ဘတ်စ်ကားစီးပြီးလာရ၏။ မင်္ဂလာဒုံမြို့နယ်တွင် ၁၉၉၅ ခုနှစ် နောက်ပိုင်း လက်ရှိသူနေထိုင်ရာ အိမ်ကလေးကို စုဆောင်းငွေဖြင့် ကိုယ်ပိုင်ဝယ်နိုင်ခဲ့သည်။

ယခုခေတ် သာမန်လူများပင် အလုပ်အကိုင် အဆင်ပြေနိုင်ရန် ကြိုးပမ်းရုန်းကန်နေရသည့် အချိန်တွင် သူ့အနေဖြင့် လက်မသန်ပေမယ့် ခြေဖြင့်ပန်းချီရေးဆွဲကာ အသက်မွေးဝမ်းကျောင်း ပြုနေခြင်းကား ဘုရားပေးသည့် အစွမ်းများပင်ဖြစ်နေသလို၊ လူမစွမ်း နတ်မနေသည် မဟုတ်ဘဲ လူစွမ်းသဖြင့် နတ်မစရာ မလိုပင် ဖြစ်နေ၏။

လူတချို့သည် အတတ်ပညာတစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် အဆင်ပြေဖို့ ခက်ခဲလွန်းသည်ဟု ယူဆထားကြကာ တစ်မျိုးမက လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ တည်ငြိမ်သော အလုပ်ဖြစ်ရန်အလုပ်နှင့် အလုပ်လုပ်ကိုင်သူ နှစ်ဖက်စလုံးပေါ် မူတည်နေ၏။ လူတချို့သည် အလုပ်နှစ်ခု၊ သုံးခုရှိမှ အဆင်ပြေကြသည်ကို တွေ့ရ၏။ ထိုမှုမက ဘဝရပ်တည်နိုင်ရန် အလုပ်တစ်ခုမက အလုပ်အမျိုးမျိုးဖြင့် ပြောင်းရွှေ့လုပ်ကိုင်သူများကို (Lead frog) ဟုခေါ်၏။

လက်မသန်ပေမယ့် ခြေဖြင့်ပန်းချီပညာကို သင်ယူတတ်မြောက်ပြီး လုပ်ငန်းအဆင်ပြေလျက်ရှိနေသည့် ပန်းချီကိုတင့် တစ်ယောက် မိသားစုနှင့်ပြေလည်သည်ကို မြင်တွေ့ရသဖြင့် ဝမ်းသာဂုဏ်ယူမိကာ အတုယူလေးစားစရာကောင်းလှသဖြင့် မသန်ပေမယ့် စွမ်းကြသူများကို အားပေးစကားတစ်ဆင့် ပြောလိုက်ရပါသည်။ လူတော်လူကောင်းများသည် ပတ်ဝန်းကျင်ရှိ လူ့စွမ်းအားအရင်းအမြစ်များ၊ သဘာဝအရင်းအမြစ်များကို အလေအလွင့်မဖြစ်စေဘဲ အသုံးဝင်အောင်၊ တန်ဖိုးရှိအောင် ဖန်တီးတတ်သည်ကို ဂရုပြုမိသည်။ ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်၌ လူ့စွမ်းအားကိုယ်စီပြည့်ဝစွာရှိကြသော လူများသည်လည်း အံ့ဝင်ခွင်ကျ အလုပ်အကိုင် အခွင့်အလမ်းများရှိကြပြီး ထိုအခွင့်အလမ်းများကို ပိုင်နိုင်စွာအသုံးချ၍ ကိုယ်ပိုင်ဝင်ငွေကောင်းများဖြင့် သမ္မာအာဇီဝကျကျဖြင့် သာယာလှပသည့် ဘဝများ ရပ်တည်ပိုင်ဆိုင်နိုင်ကြပါစေ။ ။

## မူးယစ်အမှုများမှ တရားခံပြေးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၀) လွိုင်ကော်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်ကော်မြို့မရဲစခန်း မူးယစ်အမှုမှတရားခံပြေးဖြစ်သော လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် အမှတ်(၇၅)နေ သိန်းအောင်(ခ)ခွန်ထွန်းအေး၏နေအိမ်ကို သတင်းအရရှာဖွေရာ တရားခံပြေးသိန်းအောင်(ခ)ခွန်ထွန်းအေး အားတွေ့ရှိပြီး ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးကြားမှ PMC 9 MM LUGER ကျည် ၁၁ တောင့်ထည့်ထားသော အီတလီနိုင်ငံလုပ် ၉ မမပစ္စတိုတစ်လက်၊ အိပ်ခန်းအတွင်းမှ PMC 9 MM LUGER ကျည် ၁၁ တောင့်ထည့်ထားသည့် ကျည်အိမ်တစ်ခု၊ ငွေကျပ် သိန်း ၁၈၀ နှင့် 4H/. . .၊ MITSUBISHI- GDI အမျိုးအစားအဖြူရောင် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိပြီး သိန်းအောင်(ခ)ခွန်ထွန်းအေးအား ဖမ်းဆီးစဉ် ၎င်း၏သားခွန်ကျော်စိုးက ဓားမဖြင့်ဝင်ရောက်ခုခံသဖြင့် တပ်ဖွဲ့ဝင်တစ်ဦး၏ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့၍ ခွန်ကျော်စိုး (၂၀)နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရလည်းကောင်း၊ သိန်းအောင်(ခ)ခွန်ထွန်းအေး (၄၅)နှစ်အား လက်နက်အက်ဥပဒေပုဒ်မအရလည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မူးယစ်တရားခံပြေး သိန်းအောင်(ခ)ခွန်ထွန်းအေးသည် ဇူလိုင် ၁၁ ရက်တွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များက လိန်းလီတံတားထိပ်တွင် ယာဉ်မောင်း ဇော်မင်းမင်းဦးမောင်းနှင်လာသည့် အငှားယာဉ်ပေါ်ပါ ခရီးသည် မြင့်သိန်းပါသုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၀ ဖမ်းဆီးရမိမှုတွင် တရားခံပြေးဖြစ်သည့်အပြင် ဇူလိုင် ၁၂ ရက်တွင် ၎င်းနေထိုင်ရာ လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်ရှိ နေအိမ်သို့ မူးယစ်တပ်ဖွဲ့စု (၂၀) လွိုင်ကော်မှ တပ်ဖွဲ့ဝင်များက သတင်းအရရှာဖွေရာ ၎င်း၏ဇနီးဖြစ်သူ မအိုင်းရင်းစိန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀ ဖမ်းဆီးရမိမှုတွင်လည်း တရားခံပြေးဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

**တာချီလိတ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၌ ဒီဇင်ဘာ ၂၅ ရက် ည ၁၁ နာရီခွဲက ခိုးမှုဖြင့် မသင်္ကာသူကို မော်တော်ဆိုင်ကယ်ဖြင့် တွေ့ရှိရ၍ တာချီလိတ်မြို့မရဲစခန်း လှည့်ကင်းအဖွဲ့က ခေါ်ယူစစ်ဆေးရာ ဆိုင်ကယ်လေးစီးခိုးမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဝမ်ကောင်းရပ် ကချင်ရွာနေ ဒေါ်တင်တင်ဝင်းသည် သမီးဖြစ်သူ မသဥ္ဇာလှိုင်နှင့် ဒီဇင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ၎င်းပိုင် ၂၃ယ/----- Honda Wave 110 ဖြူ/ပြာရောင်ဆိုင်ကယ်နှင့် ဝမ်ကောင်းရပ်ကွက် ကချင်ရွာရှိ ကိုမင်းဆံပင်ညှပ်ဆိုင်သို့ သွားရောက်ပြီး ဆိုင်ကယ်အား ဆိုင်ရှေ့တွင် သော့မဖြုတ်ဘဲရပ်ထားပြီး သမီးဖြစ်သူ ဆံပင်ညှပ်နေစဉ် ငါးမိနစ်ခန့်အကြာတွင် ဆိုင်ကယ်ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဆိုင်ကယ်ခိုးယူသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးရန် တာချီလိတ်မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

## တာချီလိတ်မြို့၌ ဆိုင်ကယ်ခိုးမှုများ ကျူးလွန်လေ့ရှိသူကို စစ်မေးရာမှ ဆိုင်ကယ်လေးစီး ခိုးမှုပေါ်ပေါက်


တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ကျော်သန်းနှင့်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များနှင့်အတူ လိုက်လံစုံစမ်းခဲ့ရာ ဒီဇင်ဘာ ၂၅ ရက် ည ၁၁ နာရီခွဲက မယ်ခေါင်ရပ်ကွက် ကွန်ပျူတာဂိမ်းဆိုင်ရှေ့တွင် ယခင်က ခိုးမှုများကျူးလွန်လေ့ရှိသူ ဝင်းမင်းဖူး(ခ)မင်းဖူးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်မေးရာ၂၃ယ/----- Honda Wave110 ဖြူ/ပြာရောင် သက်သေခံ ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် စစ်ဆေးမေးမြန်းဖော်ထုတ်ရာ ၎င်း၏ ပြောကြားချက်အရဆိုင်ကယ်များအား မကာဟိုခမ်းရပ်ကွက်နေ ကတုံး(ခ)ဇော်မင်းတိုးက ရောင်းခိုင်း၍ ပါလျှံရပ်နေ ဝဏ္ဏ(ခ)ပီကျင်းထံတွင် ရောင်းချထားကြောင်း သိရှိရ၍ သွားရောက်သိမ်းဆည်းရာ ဝဏ္ဏ(ခ)ပီကျင်းထံမှ ၂၀၁၀ Honda Wave110 ဖြူ/မီးခိုးနက် မော်တော်ဆိုင်ကယ် တစ်စီး၊ ၂၀၁၂ Honda Wave110 ဖြူ/နက် မော်တော်ဆိုင်ကယ်တစ်စီး၊ ၂၀၁၂ Honda Wave 125 ဖြူ/နက် မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ဆိုင်ကယ်လေးစီးအား သက်သေများနှင့်အတူ ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၂-၂၀၁၄ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၉)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ ဒေါ်တင်တင်ဝင်း(၁၂/မဂဒ(နိုင်)၀၀၇၇၁၀) အမည်ပေါက်ပိုင်ဆိုင်သော အကွက်အမှတ် (၃၈၃၊ ၃၈၄၊ ၃၉၅)အစား(၃၈၃၊ ၃၈၄၊ ၃၈၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## ရေပြာတွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသ

**ပေါက်၊ ဒီဇင်ဘာ ၂၈**

ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာခင်မေသွင် ဦးဆောင်သော အထွေထွေရောဂါကု သမားတော်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်က ပခုက္ကူခရိုင် ပေါက်မြို့နယ် ရေပြာကျေးရွာတွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေး၍ မကျန်းမာသူ ၇၃၄ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ရေပြာကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ ဆေးရုံအုပ်ကြီးဒေါက်တာခင်မေသွင်နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်တို့က ကျန်းမာရေး ဆိုင်ရာ သိကောင်းစရာများကို ဟောပြောကြပြီးဒေသခံပြည်သူများအား ကျန်းမာ ရေးစစ်ဆေးကုသပေးကြသည်။

ယင်းနောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းဆင်းကုသရေးအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ဆေးကုသပေးသည့် အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် အထောက်အကူပြု ကော်မတီဝင်များ၊ ပေါက်မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကသာမြို့တွင် ဆက်သွယ်ရေးလိုင်းများ တိုးချဲ့ဆောင်ရွက်



**ကသာ၊ ဒီဇင်ဘာ ၂၈**

ကသာခရိုင် ကသာမြို့တွင် ပြည်သူများ မိုဘိုင်းဖုန်းသုံးစွဲမှုနှင့် အင်တာနက်လိုင်းသုံးစွဲမှု ပိုမိုလွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ လက်ရှိသုံးစွဲနေသော မိုက်ခရိုရုံးရှိ GSM Radio BTs စခန်းနှင့် စာတိုက်ရုံးရှိ GSM Radio BTs စခန်းများအပြင် ကြေးနန်းရုံးအတွင်းနှင့် ကသာတပ်ဦးကျောင်းအနီးတွင် တာဝါတိုင်နှင့် စက်ခန်းအဆောက်အအုံများ ထပ်မံတိုးချဲ့ တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ စခန်းနှစ်ခုတွင်တပ်ဆင်မည့် စက်ပစ္စည်းများ ရောက်ရှိနေပြီဖြစ်ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် လိုင်းဖွင့်ရန် စီစဉ်ထားကြောင်းသိရသည်။

ကသာမြို့ ရပ်ကွက် (၆) နှင့် (၉) တွင်လည်း GSM Radio BTs စခန်းများ တည်ဆောက်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ အင်တာနက်သုံးစွဲရာတွင် ပိုမိုကောင်းမွန်သော 3G စနစ်ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ADSL လိုင်း ၂၄ လိုင်း တိုးချဲ့ခြင်းလုပ်ငန်းများလည်းဆောင်ရွက်ခဲ့ကြောင်း၊ ကသာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီဂီဝင်းက ပြောကြားခဲ့သည်။

ယခုအခါ အဝေးဆက်ကြောင်း (E1) ကို အသုံးပြုနေရာမှ အဝေးဆက်ကြောင်း (FE) အမျိုးအစားကို ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

လက်ရှိအနေဖြင့် အစိုးရဌာနများကို ADSL လိုင်းတပ်ဆင်ခြင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူများ သုံးစွဲလိုသော အတိုင်းအတာအထိ ADSL လိုင်းတိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းလည်း ဒေါ်သီဂီဝင်းက ပြောကြားခဲ့သည်။

**ငြိမ်းငြိမ်း(ကသာ)**

## ကျန်းမာရေးဝန်ကြီးဌာနနှင့် GAVI တို့မှ ပူးပေါင်းဖွင့်လှစ်သည့် လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်း

**မချမ်းဘော၊ ဒီဇင်ဘာ ၂၈**

ဝေးလံခက်ခဲသည့် ကျေးလက်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကျန်းမာရေးဝန်ကြီးဌာနနှင့် GAVI တို့ပူးပေါင်းဖွင့်လှစ်သည့် လူထုကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းတွင် မချမ်းဘောမြို့နယ်ရှိ ဝေးလံခက်ခဲသည့် ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကပြောသည်။

**ခရိုင်ပြန်/ဆက်**

## ကလေးမြို့ပြည်သူ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့မှ ခုတင်(၃၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်

**ကလေး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြည်သူ့ဆေးရုံကို ခုတင် (၂၀၀)ဆံ့ ဆေးရုံမှ ခုတင် (၃၀၀)ဆံ့ အဆင့်မြင့်ဆေးရုံကြီးအဖြစ် တိုးမြှင့်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့ ပြည်သူ့ဆေးရုံကို ခုတင် (၃၀၀) ဆေးရုံအဆင့်သို့ နိုင်ငံတော်သမ္မတ၏ ကလေးမြို့ခရီးစဉ်မှာ တိုးမြှင့်ပေးသွားတာပါ။"

"မြို့ရဲ့လိုအပ်ချက်တွေကိုခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီတွေရယ်၊ မြို့မိမြို့ဖတွေရယ် ဆွေးနွေးပြီး ကလေးပြည်သူ့ဆေးရုံကို ခုတင် (၃၀၀) ပေးဖို့ တင်ပြတဲ့အခါ နိုင်ငံတော်သမ္မတနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တစ်ခါတည်း တိုးမြှင့်ပေးသွားတာပါ"ဟု မြို့အထောက်အကူပြုကော်မတီမှ ဦးအေးချိုက ပြောသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံသည် တမူးခရိုင်၊ ဂန့်ဂေါခရိုင်၊ မော်လိုက်ခရိုင်နှင့် ချင်းပြည်နယ်မြောက်ပိုင်းမြို့နယ်များ၏ အားထားရာဆေးရုံကြီးဖြစ်၍ ခုတင်(၂၀၀) မှခုတင်(၃၀၀) ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးနိုင်ရေးကို ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြထားကြောင်း တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်၏ ပြောပြချက်အရ သိရသည်။

"ကလေးမြို့ ပြည်သူ့ဆေးရုံကြီးက မိုးတွင်းကာလဆို လူနာများ ပြည့်လျှံနေပြီး ကြားခုတင်များ ထိုး၍ ဆေးကုသနေရပါတယ်။

ကလေးလူနာဆောင် (Child Ward) ဆိုရင် ခုတင်တစ်ခုမှာ ကလေးတစ်ဦးကနေ သုံးဦးအထိ ထားရှိကုသပေးနေရပါတယ်။

တခြား လူနာဆောင်တွေမှာလည်း ရှိတဲ့ ခုတင်လုံးရေထက် ပိုပြီး လူနာတွေရှိနေတာကို တွေ့ရပါတယ်။ ကလေးမြို့ ဆေးရုံက ခုတင် (၂၀၀) ဆေးရုံဆိုသော်လည်း လူနာ (၃၀၀) ကျော် တက်ရောက် ကုသနေတဲ့ ဆေးရုံ ဖြစ်ပါတယ်။

ဒီလို ခုတင် (၂၀၀) ကနေ (၃၀၀) အဆင့်မြှင့် ဆေးရုံကြီးအဖြစ် တိုးပေးတာ ဝမ်းသာမိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

### ငှားမည်

ပေ(၂၅×၅၀)၊ ၅ထပ် တိုက်သစ် လုံးပြတ်ငှားမည်။ ကား PARKING အနည်းဆုံး ၄ စီး သို့မဟုတ် ၆စီးစာရမည်။ (ကမာရွတ်လှည်းတန်းအနီး) ဖုန်း-၀၉-၅၁၈၇၇၇၀၅ ၀၉-၃၂၁၂၇၈၀၂

### အိမ်ရောင်းမည်

H/K စတိုင်၊ မြေညီထပ် အဆင့်မြင့် ပြင်ဆင်ပြီး၊ ဌာနာလမ်း၊ အလုံမြို့နယ်။ ဖုန်း-၀၉-၂၆၀၄၄၉၀၇၀၊ ၀၉-၉၇၁၅၈၁၅၅၃

### ဥယျာဉ်ခြံမြေရောင်းမည်

မှော်ဘီ၊ တိုက်ကြီးကြား၊ ပြည်ကားလမ်းမပေါ် ဥယျာဉ်မြေ (၁၂)ဧက၊ ပုံစံ(၇) ကျပြီး၊ ပိုင်ရှင် အမည်ပေါက် (ညို့နှိုင်းဈေး) ဖုန်း-၀၉-၄၂၁၁၃၆၂၇၂



### ရော်ဘာခြံရောင်းမည်

ဧက ၃၀၊ ပုံစံ (၇)၊ ပိုင်ရှင်အမည်ပေါက် ၆ နှစ်သားနှင့်အထက် အပင် ၃၀၀၀ ကျော် စိုက်ပျိုးပြီး။ အမ်းမြို့ပေါ် အမ်း-မင်းဘူးလမ်းမကြီးမှ ၁မိုင်ကျော်အကွာတွင်ရှိ၍ လမ်းဖောက်ပြီး။ ရောင်းဈေး သိန်း ၃၆၀ သို့မဟုတ် ကားနှင့် တန်ဖိုးသင့်၍ လဲမည်။ ဖုန်း-၀၉-၅၁၃၈၆၁၂၊ ၀၉-၇၃၁၂၂၀၂၈

# ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဥက္ကာသီရိကုမ္ပဏီလီမိတက်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်၍ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန်။

အမှတ်(၂၈)၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၉၅-၁)၅၃၈၀၂၃၊ ၅၀၀၀၄၉၊ (၉၅-၉) ၄၅၀၀၆၃၉၁၀၊ ၄၂၀၀၀၁၈၈၄၊ ၇၃၂၅၀၈၄၅၊

(၉၅-၉) ၇၃၂၅၀၇၈၅ (**Medical**)

(၉၅-၉) ၇၃၀၉၄၃၂၀ (**Consumable**)

ဖက်စ်(၉၅-၁)၅၀၅၂၀၉၊ **Email:sales@okkarthiri.com, aftersales@okkarthiri.com**

ကျန်းမာရေးဆောင်းပါး

# ပူဒီနာ (ပူစီနံ) ရွက်နှင့်ကျန်းမာရေး



**à ay;ufy;uf**

ပူဒီနာ(ပူစီနံ)ဟာ ရှေးကျသော ဆေးဖက်ဝင်ဟင်းခတ်အမွှေးအကြိုင်အဖြစ် လူသိများပါတယ်။ ကမ္ဘာပေါ်တွင် ပူစီနံပင် အမျိုးအစားပေါင်း ၃၀ ခန့်ရှိပြီး၊ အပူအအေးမျှတသော ဥရောပနှင့် အာရှတိုက်ဒေသများတွင် ကောင်းစွာဖြစ်ထွန်းကြ၏။ အာရှတိုက်ရှိ ပူစီနံသည် ဥရောပတိုက်ရှိ ပူစီနံထက် အရသာမှာအနည်းငယ်ပို၍စူးရှပါတယ်။ ပူစီနံပင်သည် ခရမ်း (သို့မဟုတ်) မရန်းနုရောင် ပန်းပွင့်ကလေးများ ဝေဝေဆာဆာဖူးပွင့်ကာ သဲဆန်သောမြေတွင် ပိုမိုဖြစ်ထွန်းကြ၏။ ရေအလွန်ကြိုက်သော အပင်ဖြစ်ပြီး၊ မြေပြင်ပေါ်တွင် လျှင်လျှင်မြန်မြန် အမြစ်တွယ်ဖြန့်ကြက်၍ ပေါက်ရောက်လေ့ရှိကြပါတယ်။

ပူစီနံရွက်ကို မိမိနှစ်သက်ရာ ငါး၊ ပုစွန်နှင့် အသား အမျိုးမျိုးတို့တွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သော်လည်းကောင်း၊ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါးဖြင့် တွဲဖက်၍သော်လည်းကောင်း၊ အသုပ်၊ တို့စရာအဖြစ်လည်းကောင်း စားသုံးကြပါတယ်။ ထို့ပြင် ရေနွေးဆူဆူတွင် ပူစီနံရွက်ကို အစိမ်းလိုက် ခတ်ထည့်၍သော်လည်းကောင်း၊ သို့မဟုတ် အခြောက်ခံ၍သော်လည်းကောင်း၊ သို့မဟုတ် အရွက်ခြောက်ကို အမှုန့်ကြိတ်ချေ၍သော်လည်းကောင်း လက်ဖက်ရည်အဖြစ် သောက်သုံးကြပါတယ်။

၎င်း၏ ရှင်းသန့်တဲ့ရနံ့ကြောင့် ရှေးအီဂျစ်နှင့် ရောမလူမျိုးများက နေအိမ်နှင့်ဘုရား ကျောင်းများတွင် ပူစီနံပင်ကို အထူးတလည် စိုက်ပျိုးခဲ့ကြပါတယ်။ ဒါတင်မကသေးပါဘူး။ ပူစီနံရွက်ဟာ ရေကိုသန့်စေတဲ့အစွမ်းသတ္တိရှိလို့၊ သောက်ရေသန့် လုပ်ရာမှာလည်း အသုံးပြုလေ့ရှိပါတယ်။ ထူးခြားကောင်းမွန်သော ရနံ့နှင့် အရသာတို့ကြောင့် အချို့နိုင်ငံများတွင် ပူစီနံရွက်၏ သတ္တုရည်ကို အသုံးပြု၍ ပျားရည်၊ သကြားလုံး၊ ဂျယ်လီ၊ ပီကေ၊ အချိုရည်နှင့် ရေခဲမုန့်တို့ ပြုလုပ်ကြပါတယ်။

ကမ္ဘာပေါ်တွင် ဆေးဖက်ဝင်အပင်အမျိုးအစားပေါင်း မြောက်မြားစွာရှိသည့်အနက် ပူစီနံရွက်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကာ အနာရောဂါများကို သူမတူအောင် ကုသနိုင်စွမ်းရှိပါတယ်။ WH Foods မှ ဆေးသုတေသီများ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ ၁၀၀ ဂရမ်ရှိသော ပူစီနံရွက်လတ်လတ်ဆတ်ဆတ်ထဲတွင် လူသားတို့ ကျန်းမာရေးကို အထောက်အကူပြုစေသော ကယ်လိုရီ ၇၀၊ အဆီဓာတ် သုည ဒသမ ၉၄ ဂရမ်၊ ချေဖျက်လွယ်သော အမျှင်ဓာတ် ၈ ဂရမ်၊ ဗီတာမင်အေ ၁၄၁ ရာခိုင်နှုန်း၊ ဗီတာမင်စီ ၅၃ရာခိုင်နှုန်း ၊ ကော့ပါး ၃၆ ရာခိုင်နှုန်း၊ သံဓာတ် ၆၃ ဒသမ ၅ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ် ၂၀ ရာခိုင်နှုန်း၊ မဂ္ဂနီးစ် ၅၁ ရာခိုင်နှုန်း၊ ဇင့် ၁၀ ရာခိုင်နှုန်းတို့ အသီးသီးပါရှိကြပါတယ်။ ဒါ့ပြင် လူတစ်ယောက်အတွက် တစ်နေ့တာ လိုအပ်သော ဖောလိပ် ၂၈ ရာခိုင်နှုန်းနှင့် ကယ်လ်စီယမ် ၂၄ ရာခိုင်နှုန်းတို့ကို ပူစီနံရွက် ၁၀၀ ဂရမ် ထဲမှ အပြည့်အဝရရှိမှာဖြစ်ပါတယ်။

၁။ ပူစီနံထဲတွင်ပါရှိသော ဗီတာမင်စီနှင့် ဗီတာမင်အေတို့က ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအဖြစ် စွမ်းဆောင်ပေးပါတယ်။ ဒါ့ပြင် မဂ္ဂနီးစ်ဓာတ်သည် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်ကို တိုးတက် ကောင်းမွန်စေရုံသာမက၊ ပူစီနံရွက်ဟာ Omega-3 Fatty Acids တို့ စုဝေးရာ အရင်းအမြစ်ဖြစ်လို့ ကင်ဆာရောဂါတွေကို ကြိုတင်ကာကွယ်ပေးပါတယ်။ ပူစီနံထဲတွင် Phytonutrient (ခေါ်) Perillyl Alcohol ပါရှိလို့၊ ကင်ဆာအဖုအကျိတ်ကြီးထွားလာမှုကို နှေးကွေးစေကာ၊ အထူးသဖြင့် အဆုတ်၊ အူမကြီး နှင့် အရေပြားကင်ဆာတို့ကို ကာကွယ်ပေးနိုင်တယ်လို့ ဆေးသုတေသီများက ဆိုပါတယ်။

၂။ ပူစီနံရွက်ဟာ ခန္ဓာကိုယ်မှ အဆိပ်အတောက်များကို ဆီးအဖြစ် ဖယ်ရှားသုတ်သင်ပေးလို့ ဆီးရွှင်ဆေးအဖြစ် အသုံးပြု နိုင်ပါတယ်။ အသည်းနှင့် သည်းခြေအိတ်တို့ကိုလည်း ကောင်းကျိုးပြုပါတယ်။

၃။ ပူစီနံရွက်ထဲမှာ Anti-Spasmodic , Anti-Fungal နှင့် Rosmarinic Acid (ခေါ်) Anti-Inflammatory အစွမ်းသတ္တိများပါရှိသဖြင့် သဘာဝပိုးသတ်ဆေးအဖြစ် မှိုပိုးများကို သေစေနိုင်သောအစွမ်းရှိလို့ ပန်းနာရင်ကျပ်ရောဂါ၊ အအေးမိတုပ်ကွေးနှင့် ချောင်းဆိုးခွဲကျပ်ရောဂါများကို သက်သာစေနိုင်ကြောင်း၊ နားတွင်းရောင်ရမ်းခြင်းနှင့် အနာများကို ကျက်စေနိုင်ကြောင်း အိန္ဒိယဆေးပညာရှင်များက ဆိုပါတယ်။ ထိုအဆိုပြုချက်ကို WHFoods နှင့် အနောက်ဗာဂျီးနီးယားတက္ကသိုလ်တို့မှလည်း အတည်ပြုထောက်ခံထားကြပါတယ်။

၄။ ပူစီနံရွက်ထဲရှိ သဘာဝဓာတုဓာတ်ပေါင်းစုတို့က ခံတွင်းထဲရှိ ဗက်တီးရီးယားပိုးများကို သေစေပြီး ခံတွင်းရောဂါအမျိုးမျိုးနှင့် ခံတွင်းရနံ့ဆိုးများကို ပျောက်ကင်းစေပါတယ်။ တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် ပူစီနံကို မှန်မှန်ဝါးပေးရုံဖြင့် သွားများကို ဖြူဖွေးစေရုံသာမက၊ အသက်ရှူလမ်းကြောင်းကို ပွင့်စေနိုင်၏။ ပူစီနံရွက်ဖြင့် ဖော်စပ်ထားသော သွားတိုက်ဆေးနှင့် ခံတွင်းသန့်စင်ဆေးရည်များကို လူကြိုက်များ ရေပန်းစားလျက်ရှိပါတယ်။

၅။ ပူစီနံရွက် ၂၀၀ ဂရမ်ကို ရေ ၃ လီတာ ဖြင့်ရောစပ်၍ အပူချိန် 37°C တွင်ပြုတ်ပါ။ ထိုပြုတ်ရေကို ခပ်နွေးနွေးအနေအထားတွင် ရေချိုးပေးခြင်းဖြင့် အကြောဆွဲခြင်းနှင့် ဒူလာပါဒရက်ရောဂါ ဝေဒနာများကို သက်သာလာစေနိုင်၏။

၆။ ပူစီနံရွက်ထဲတွင် အမျှင်ဓာတ်အမြောက်အမြားပါရှိသဖြင့်၊ မကောင်းသော ကိုလက်စထရောနှင့် LDL ကိုလျှော့ချပေးပြီး ကောင်းသော ကိုလက်စထရောနှင့် HDL ကို မြှင့်တင်ပေးလို့ နှလုံးရောဂါကို မဖြစ်စေနိုင်ပါ။ ဒါ့ပြင် မဂ္ဂနီစီယမ်ဓာတ်ပါရှိလို့ နှလုံးခုန်နှုန်းကို ပုံမှန်ထိန်းသိမ်းပေးနိုင်၏။

၇။ သွေးသန့်စေပြီး ကာမအားကို တိုးပွားလာစေပါသည်။

၈။ ပူစီနံရွက်ထဲတွင် ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ အလုံအလောက်ပါရှိသဖြင့် ကိုယ်ခံစွမ်းအားကိုတိုးတက်မြင့်မားစေကာ အရိုးကိုသန်စွမ်းစေပါတယ်။ မဂ္ဂနီစီယမ်အစွမ်းကြောင့် သွေးထဲရှိ သကြားပမာဏကိုထိန်းညှိပေးခြင်း၊ သွေးခုန်နှုန်းကို ပုံမှန်ဖြစ်စေခြင်း၊ ခန္ဓာကိုယ်တစ်သျှူးများကို ပြန်လည်အားဖြည့်ပေးခြင်း၊ ကြွက်သားနှင့် အာရုံခံအင်္ဂါအဖွဲ့အစည်းကို ကောင်းစွာ အလုပ်လုပ်စေခြင်းစသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

၉။ လေချုပ်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဝမ်းဖောဝမ်းရောင်ခြင်း၊ ဝမ်းသွားခြင်း၊ လေထိုးလေအောင့်ခြင်းနှင့် အစာအဆိပ်သင့်ခြင်းတို့မှ ပျောက်ကင်းစေပြီး အစာအိမ်၊ အူသိမ်၊ အူမနှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများကို ကောင်းစွာကုသပေးနိုင်ပါတယ်။ ပူစီနံရွက်ခြောက်ကို လက်ဖက်ရည်ကြမ်းခတ်၍ သောက်သုံးခြင်းဖြင့် အစာချေစနစ်ကို တိုးတက်ကောင်းမွန်စေကာ အစာအိမ်နာအမျိုးမျိုးမှ ကာကွယ်ပေးနိုင်ပါတယ်။

**ပူစီနံရွက်အဆီနှင့် ကျန်းမာရေး**

၁။ ပူစီနံရွက်မှ ရရှိသောအဆီသည် လူကို လန်းဆန်းတက်ကြွစေကာ၊ ခွန်အားဖြစ်စေ၏။ ထို့ကြောင့် စိတ်ပင်ပန်း နွမ်းလျခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခေါင်းတစ်ခြမ်း ကိုက်ခြင်းနှင့် ခေါင်းကိုက်ဝေဒနာအမျိုးမျိုးတို့အတွက် ပူစီနံရွက်အဆီကို နားထင်နှင့် ဇက်ပိုးများတွင် ပွတ်လိမ်းပေးခြင်းဖြင့် ဝေဒနာများ သက်သာကောင်းမွန်လာစေပါတယ်။

၂။ လည်ချောင်းနာရောဂါများနှင့် အသံဝင်၊ အသံကွဲ၊ အသံပြာခြင်းတို့အတွက် ပူစီနံရွက်အဆီ အနည်းငယ်ကို ရေနွေးဖြင့်ရောစပ်၍ ပလုတ်(အာလုတ်) ကျင်းပေးနိုင်ပါတယ်။

၃။ ပူစီနံရွက်အဆီ ၅ ဂရမ် ကို၊ အရက် ၉၅ ဂရမ်ဖြင့် ရောစပ်၍ လိမ်းကျံပေးခြင်းဖြင့် ဒူလာရောဂါကြောင့် အဆစ်အမြစ် ရောင်ရမ်း ကိုက်ခဲခြင်းနှင့် ကိုယ်လက်ယားယံခြင်းတို့ ကိုလည်း သက်သာလာစေနိုင်ပါတယ်။

၄။ ပူစီနံရွက်အဆီကို Aroma အဖြစ် အရေပြားပေါ်လိမ်းကျံ၍ အသာအယာနှိပ်ပေးရုံမျှဖြင့် အေးမြစေကာ ချွေးထွက်လွန်ခြင်း ကို သက်သာလာစေနိုင်ပါတယ်။

၅။ အင်းဆက်ပိုးမွှားများ ကိုက်ခံရပါက ပူစီနံရွက်အဆီကို လိမ်းပေးနိုင်ပါတယ်။

၆။ ကြွက်တက်ခြင်း၊ အဆစ်လွဲခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

**ပူစီနံရွက်နှင့် အသားအရေထိန်းသိမ်းနည်း**

၎င်း၏ ထူးခြားသောရနံ့နှင့် ကောင်းမွန်သောအစွမ်းသတ္တိများကြောင့် ကရင်(မ်)၊ လိုးရှင်း၊ ခေါင်းလျှော်ရည်၊ မျက်နှာသန့်စင်ဆေးရည်၊ အလှဆီ၊ ဆပ်ပြာစသည့် အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် ရေမွှေးများ ထုတ်လုပ်ရောင်းချလျက်ရှိကြပါတယ်။ ပူစီနံရွက်တွင် Antibacterial အစွမ်းသတ္တိများပါရှိခြင်းတို့ကြောင့် မျက်နှာပေါ်ရှိ ဝက်ခြံ၊ တင်းတိတ်နှင့် အမည်းစက်များကို သက်သာလာစေ နိုင်ပါတယ်။

**စာမျက်နှာ ၁၈ သို့**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နေ
ဦးထွန်းလှအောင်(ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်တင်တင်အေးတို့၏သား
မော်ကျော်ဇင်ထွန်း **B.A(Geog)**
(ဒုတိယဦးစီးမှူး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
နှင့်
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
ဦးသန်းဝင်း-ဒေါ်တင်တင်အုန်း
တို့၏သမီး
မဟိန်းထက်ထက်အောင် **(LL.B)**
(အထက်တန်းရှေ့နေ)

တို့သည်၂၅-၁၂-၂၀၁၄ရက်တွင် နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မော်ကျော်ဇင်ထွန်း-မဟိန်းထက်ထက်အောင်

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှဦး [၁၂/ဒလန(နိုင်)၀၁၆၅၈၄]ကိုင်ဆောင်သူ CDC-40497 ၏ SID သင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph: 09 420209471**

### အမည်ပြောင်း

သာယာဝတီမြို့နယ် အထက-၂ အဌမတန်းမှ (ဘ) ဦးတင်မောင်ဝင်း၏သား မောင်အောင်ထက်မြတ်အား မောင်အောင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်အောင်

### “ပိုင်ရှင်ထံမှဝယ်မည်”

ကျောက်တံတား၊ ၃၇၊ ၃၈၊ ၃၉လမ်းနှင့် လမ်း(၄၀)အတွင်းရှိ ၅လွှာ၊ ၆လွှာ၊ ၇လွှာ တိုက်ခန်းအသစ်များ ဝယ်ယူလိုပါသည်။
**Ph: 09-5134630, 09-31559755**
(မြတ်တော်ဝင်)

### ဦးသူရ [၁၂/ဒဂရ(နိုင်)၀၁၃၇၂၇] သိရှိရန်နှင့် အမြန်ဆုံးလာရောက်ရှင်းလင်းရန်

Asia Lucky Seven International Co.,Ltd မှ အရောင်းဝန်ထမ်းဖြစ်သူ အဖ ဦးသိန်းလွင်၏သား အလုပ်လျှောက်ထားစဉ်က ဖော်ပြထားခဲ့သောနေရပ်လိပ်စာ အိမ်အမှတ်(၂၆၀)၊ အောင်သီရိလမ်း၊ (၅) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ၊ (ယခုလိပ်စာမသိ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဒဂရ(နိုင်)၀၁၃၇၂၇] ကိုင်ဆောင်ထားသူ ဦးသူရသည် ဆေးဝါးများရောင်းချရငွေကို ပေးသွင်းရန်ပျက်ကွက်ပြီး ၂၅-၁၁-၂၀၁၄ရက်မှစ၍ ကုမ္ပဏီနှင့် ဆက်သွယ်ခြင်းမရှိဘဲ ယနေ့တိုင် ရှောင်တိမ်းနေပါသည်။

သို့ဖြစ်ပါ၍ ဦးသူရအား ၂၅-၁၁-၂၀၁၄ ရက်နောက်ပိုင်းမှစ၍ Asia Lucky Seven International Co.,Ltd ၏ အရောင်းဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ရပ်ဆိုင်းထားသောကြောင့် ၎င်းသည် Asia Lucky Seven International Co.,Ltd နှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း အသိပေးအပ်ပါသည်။

ထို့ပြင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ဦးသူရသည် ကုမ္ပဏီသို့ပေးသွင်းရန်ရှိသော ငွေများကို ရှင်းလင်းပေးပါရန်နှင့် ထိုသတ်မှတ်ကာလအတွင်း လူကိုယ်တိုင် လာရောက်ဖြေရှင်းခြင်းမရှိပါက ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြေညာအပ်ပါ သည်။

**Asia Lucky Seven International Co.,Ltd**
ဖုန်း-၀၁-၃၉၃၂၈၃၊ ၀၉-၄၂၀၅၅၅၀၈
**KYAW MIN TUN**
**MANAGING DIRECTOR**
**Asia Lucky Seven International Co.,Ltd**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၈/A)၊ မြေကွက်အမှတ်(၄၅)၊ မြေကွက်တည်နေရာအမှတ်(၄၅)၊ သမာဓိလမ်း၊ ချစ်တီးကုန်း ရပ်ကွက် ၁/က၊ မင်္ဂလာဒုံမြို့နယ်၊ ဦးအေးလွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးလွင် ကွယ်လွန်သဖြင့် ဒေါ်သန်းရီ [၁၂/မဂဒ(နိုင်)၀၂၄၅၆၉]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်သစ္စာပြုလွှာ၊ ထပ်ဆင့်ကျမ်းကျိန်သစ္စာပြုလွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁အနော်မာ)၊ မြေကွက်အမှတ်(၅၇)၊ မြေကွက်တည်နေရာအမှတ်(၅၇)၊ အနော်မာ(၂)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မမကြီး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မမကြီး(မိခင်)နှင့် ဦးကြင်ဟုတ်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးတင်ဝင်း[၁၂/သကတ(နိုင်)၁၁၆၁၁၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၉၅၃/၂၀၁၄)ရသူ ဒေါ်ခိုင်လဲ့လဲ့ဖိုး [၁၂/သကတ(နိုင်)၀၀၂၆၂၀] က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေး လုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**မြန်အောင်၊ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး ခြောက်လတစ်ကြိမ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနွယ်နီလွင်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ပြည်သူလူထုအတွင်း မြုပ်ကွယ်နေသော တီဘီရောဂါရှိလူနာများ ရှာဖွေရေး၊ ပေါ်ထွက်လာသော လူနာများကိုစနစ်တကျ ကုသ ပျောက်ကင်းနိုင်အောင် ကူညီပေးရန်နှင့် ကျန်းမာရေးပညာပေးခြင်းဆိုင်ရာ အချက်အလက်များကို တီဘီရောဂါရှိလူနာများ သိရှိစေရန် ဆွေးနွေးခြင်းများကို ကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ကျန်းမာရေးမှူး ဦးအောင်ဖြိုးဟိန်းက တီဘီရောဂါအကြောင်းနှင့်စနစ်တကျဆေးဝါးကုသမှုခံယူပါက ရောဂါပျောက်ကင်းနိုင်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တီဘီရောဂါဆိုင်ရာတာဝန်ခံ ဒေါ်စန်းစန်းဝင်းက ရပ်ကွက်၊ ကျေးရွာများမှ တီဘီရောဂါရှိလူနာများရှာဖွေ၍ စနစ်တကျကုသနိုင်ရေးနှင့် ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြသည်။

**ဝင်းမိုလ်**



# ဘားအံမြို့တွင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု

**ဘားအံ၊ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ်အတွင်း "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၉၇၀ ဒသမ ၁၈၈ သန်းဖြင့် ကျေးရွာချင်းဆက်လမ်းများ ဘားအံမြို့နယ်အတွင်း လမ်း ၅၈ မိုင်၊ တံတားနှင့် ရေပြွန် ၃၈ စင်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဘားအံမြို့နယ် ထုံးဘိုကျေးရွာနှင့် ငနက်ပြာကျေးရွာ သွားလမ်း မြေသားလမ်း ၆ မိုင်၊ ကျောက်ချောလမ်း ၃ မိုင် စတင်ဆောင်ရွက်နေမှုအား ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဦး၊ လမ်းလုပ်ငန်းတာဝန်ခံကုမ္ပဏီမှ ဝန်ထမ်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များသည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပန်လုံမြို့၌မိုးပွင့်အဆင့် (၇)စီမံချက်ဆောင်ရွက်

**ပန်လုံ၊ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်ခရိုင် ပန်လုံမြို့တွင် ဒီဇင်ဘာ ၂၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ကြီးကြပ်ရေးမှူး ဦးတင်ထွန်းလင်းနှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် အခြေခံပညာအထက်တန်းကျောင်း၌ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ရာ ကျောင်းသူ၊ ကျောင်းသားများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးကျန်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# သဘာဝစိုက်ပျိုးရေး ဆေးသုံးစွဲခြင်းပညာပေး သင်တန်းဆင်း

**ဖန်းမောက်၊ ဒီဇင်ဘာ ၂၈**

ကသာခရိုင် ဗန်းမောက်မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်သည့် သဘာဝပိုးမွှားရောဂါ ကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း နည်းပညာပေး သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး လက်တွေ့မှာ အကျိုးရှိရှိ အသုံးချနိုင်စေဖို့ ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဟန်စိုးက ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**မေသူဟန်** (IPRD)

# ညောင်တုန်းမြို့စွန်ရပ်ကွက်များအတွက် ထရန်စဖော်မာတပ်ဆင်

**ညောင်တုန်း၊ ဒီဇင်ဘာ ၂၈**

ညောင်တုန်းမြို့မရပ်ကွက် (၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက် အစွန်အဖျားရှိ လျှပ်စစ်ဓာတ်အားသုံး ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် တည်ငြိမ်ကောင်းမွန်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားလိုင်း 11KV (11000V) အားနှင့် ထရန်စဖော်မာ 200KVA အသစ်တစ်လုံး တပ်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်၏ ကြီးကြပ်မှုဖြင့် ကျွမ်းကျင် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အရင်တုန်းက ထရန်စဖော်မာ တစ်လုံးတည်းဖြင့် ရပ်ကွက်လေးခုက လျှပ်စစ်မီးသုံးစွဲနေရတာဆိုတော့ လျှပ်စစ်မီးသုံးစွဲသူတွေ များလာတာနဲ့အမျှ လျှပ်စစ်မီးအဝင် အရမ်းနည်းတော့ အိမ်တိုင်းလိုလို မီးအားမြှင့်စက်တွေ ဝယ်ပြီး သုံးခဲ့ကြရတယ်။ အခုတော့ ထရန်စဖော်မာ အသစ်တစ်လုံး တပ်ဆင်လိုက်တော့ လျှပ်စစ်မီးအားကောင်းလာပြီး လျှပ်စစ်မီးအားအပြည့်အဝ သုံးလို့ရသွားပါပြီ" ဟု (၁)လမ်းကုန်းတာထိပ်နေ ဆရာမတစ်ဦးက ပြောသည်။

"ယခုအခါ ထရန်စဖော်မာ 200KVA အား အသစ်တစ်လုံးတပ်ဆင်ပေးခဲ့ခြင်းကြောင့် မြို့အစွန်ရှိ လျှပ်စစ်သုံးလူနေအိမ်များ၊ မြို့မရပ်ကွက်များနှင့် လမ်းမတော်လမ်းတစ်လျှောက်တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး လျှပ်စစ်မီးအား ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု မြို့နယ်လျှပ်စစ်ဌာနမှ လိုင်းတာဝန်ခံ ဦးအေးဆွေက ပြောသည်။

ညောင်တုန်းမြို့တွင် ထရန်စဖော်မာ ၁၀ လုံးဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**





## မြေကွက်အမြန်ရောင်းမည်

ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ရတနာပုံ Cyber Tech နှင့် မျက်နှာချင်းဆိုင်လမ်းသွယ်ထဲရှိ 82'x110' ထောင့်ကွက်၊ နေရာကောင်း၊ ပတ်ဝန်းကျင်သန့်၊ လမ်းနှစ်ဖက်ပေါက်သည်။

**Phone:09-974592882**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် သီရိစည်သူ/၁၃၂၅၄ ရေယာဉ်လိုင်စင်ကြီးသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည် ပေးပို့ပေးပါရန်။

ဒေါ်မိုးသီတာ
ဖုန်း-၀၉-၃၁၀၆၈၇၆၈

## "ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးပြုံးချိုလမ်း၊ အမှတ်(၉၉၄)နေ မခွဲ့ခွဲ့အေး[၁၂/ရကန(နိုင်)၀၀၆၆၅၄]နှင့် ကျွန်ုပ်၏မိတ်ဆွေ မောင်သန်းမင်းထက်[၁၂/လမန(နိုင်)၀၆၂၂၉၄]တို့ ဇနီးမောင်နှံအဖြစ် ပေါင်းသင်းလာခဲ့ရာ မောင်မြင့်မြတ်မင်းထက် (၈)နှစ်နှင့် မခင်သဇင်မင်း (၆)နှစ် သားသမီး (၂)ဦးထွန်းကားခဲ့ပါသည်။ မောင်သန်းမင်းထက် စင်ကာပူနိုင်ငံတွင် အလုပ်လုပ်စဉ် မောင်သန်းမင်းထက်၏ မိခင်၊ ဖခင်များဖြစ်သော အသက်(၈၀)နီးပါးရှိ ဦးအောင်သန်း၊ ဒေါ်ရင်ကြိုင်တို့ထံ မခွဲ့ခွဲ့အေးအား အပ်နှံထားစဉ် မခွဲ့ခွဲ့အေးက လူကြီးများအား စိတ်ဆင်းရဲအောင် နေ့စဉ်ပြု၍ ခွင့်မလွှတ်နိုင်သော လူမှုရေးဖောက်ပြန်မှုပြုပြီး မောင်သန်းမင်းထက်ပိုင် ကား(၃)စီး ရောင်းရငွေများနှင့် အတွင်းပစ္စည်း၊ အဝတ်အထည်များယူဆောင်၍ ကလေး(၂)ဦးအား ခေါ်ဆောင်လျက် နေအိမ်မှ ၁၀-၁၁-၂၀၁၄ ရက်တွင် ဆင်းသွားပြီး ပြန်လည်ဆက်သွယ်လာခြင်း မရှိသဖြင့် မခွဲ့ခွဲ့အေးနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်သန်းမင်းထက်၏ ညွှန်ကြားချက်အရ-
ဒေါ်ငုဝါထွန်း(စဉ်-၉၀၃၀) ဦးဝင်းမာင်(ခေတ္တရာ) (စဉ်-၁၆၅၉/၇၈)
တရားလွှတ်တော်ရှေ့နေများ
အခန်း-၆၊ ၃၀၁၊ တတိယထပ်၊ အမှတ်(၉/၁၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖတ်စရာဆောင်းပါး

# အလောင်းတော်ကဿပသို့ အနယ်နယ်အရပ်ရပ်မှ ဒေသန္တရဗဟုသုတ ရှာမှီးလိုသူများနှင့် ဘုရားဖူးများ စိတ်အေးချမ်းမြေ့စွာလာရောက်နိုင်ပြီ

à zdrf(rkG

မြန်မာနိုင်ငံတွင် ထင်ရှားသော ဘုရားစေတီပုထိုး များစွာရှိသည့် အနက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသည်လည်း ထင်ရှားကျော်ကြားလှပေသည်။ အလောင်းတော်ကဿပသည် မုံရွာမြို့၏ အနောက်မြောက်ဘက် မိုင် ၆၀ ခန့် အကွာတွင် တည်ရှိပြီး တောတောင်အလွန်ထူထပ်သော အရပ်ဖြစ်သည့်အပြင် အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်သည်လည်း အာဆီယံ အမွေအနှစ်စာရင်းဝင် တစ်ခုဖြစ်သည်။

အလောင်းတော်ကဿပသို့ လာရောက်လိုသူများအနေဖြင့် မုံရွာ-ညောင်ပင်ကြီး-ယင်းမာပင်-ကပိုင်-သပိတ်ဆေးစခန်းသို့လည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝ လမ်းအတိုင်း မိုင်တိုင် (၁၁)မှ တရော်ကျင်း-ကပိုင်-သပိတ်ဆေးစခန်းသို့လည်းကောင်း၊ မုံရွာ-ယာကြီး-ကလေးဝလမ်းအတိုင်း မိုင်တိုင်(၂၈) အနီးရှိ သစ်ရာပင်ကျေးရွာသို့သွားပြီး ထိုမှ ကပိုင်-သပိတ်ဆေးစခန်းသို့လည်းကောင်း လမ်းကြောင်းသုံးခုမှ သွားလာနိုင်ပေသည်။ ယင်းအပြင် မုံရွာမြို့မှလည်း ဘုရားဖူးရာသီကာလတွင် အလောင်းတော်ကဿပသို့ တိုက်ရိုက် ကားအသင်းများကလည်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အလောင်းတော်ကဿပဘုရားဖူးလမ်းကိုလည်း ဒီဇင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အလောင်းတော်ကဿပသို့ဘုရားဖူးလာရင်း ဒေသန္တရဗဟုသုတများပါ တစ်ပါတည်း ရှာမှီးနိုင်ပေသည်။ လမ်းခရီး၌ လျှိုမြောင်တောင်ကြားချောက်ကမ်းပါးများတွင်ပါ သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်နေပေသည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်သူများသည် သပိတ်ဆေးစခန်းသို့ ရောက်သည်နှင့် ရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီး၏ ရုပ်ကလာပ်တော် ကိန်းဝပ်စံပယ်ရာ လိုဏ်ဂူတော်သို့ တစ်မိုင်ခန့် ခြေကျင်ခရီးဖြင့်လည်းကောင်း၊ ဆင်လိမ္မာကြီးများကိုစီး၍ လည်းကောင်း၊ အရောက်သွားနိုင်သလို ချစ်စဖွယ် ဆင်ပေါက်စလေးများနှင့် တွဲလျက် အမှတ်တရဓာတ်ပုံများလည်း ရိုက်ကူးနိုင်သေးသည်။

အလောင်းတော်ကဿပ စံကျောင်းတော်အတွင်းတွင် မြောက်အရပ်သို့ ဦးခေါင်းပြုကာ လက်ယာဘက်စောင်းလျက် ညောင်စောင်းထက်၌ ပရိနိဗ္ဗာန်ပြုတော်မူဟန် ထုလုပ်ပူဇော်ထားသော ရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ရုပ်ပွားတော်ကို ဖူးတွေ့နိုင်သည်။ ထိုမှတစ်ဆင့် ရုပ်ကလာပ်တော်အစစ် ကိန်းဝပ်စံပယ်ရာ ကျောက်လိုဏ်ဂူတော်သို့ သွားရောက်ဖူးမြော်လေ့လာနိုင်သည်။

အဆိုပါ ကျောက်လိုဏ်ဂူကြီးအတွင်းရှိ ကျောက်ပန်းဆွဲ၊ ကျောက်ပန်းခက်၊ ကျောက်ပန်းခိုင်ကြီးများမှ ကျောက်စက်ရေများ တစ်စက်စက်ကျလျက်ရှိပြီး ကျောက်စက်ရေတို့မှာ ရေခဲရေကဲ့သို့ အေးစက်နေသည်။

ယင်းကျောက်ပန်းဆွဲများမှ ကျောက်စက်ရေများသည် အဇာတသတ်မင်းကြီး၏ သစ္စာစကားကြောင့် ဖြစ်ထွန်းလာသော ရေစင်နှင့် အရှင်မဟာကဿပ မထေရ်မြတ်ကြီး၏ မေတ္တာဖြင့် ထားခဲ့တော်မူသော မေတ္တာရေစင်များ ပူးပေါင်းကာ သိဒ္ဓိရေစင်များအဖြစ် အစဉ်ကျဆင်းနေရာ ဘုရားဖူးလာသူများမှ သန့်ပြန့်သော ဘူးငယ်များဖြင့် ခံယူ၍ မိမိတို့နေအိမ်သို့ ပင့်ဆောင်သွားကာ လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးစီးပွားအတွက် အဓိဋ္ဌာန်ပြုဆုတောင်းနိုင်ကြောင်းလည်း သိရသည်။

အလောင်းတော်ကဿပတွင် ထူးခြားအံ့သြဖွယ်အချက်(၉)ချက်နှင့် ထူးဆန်းသော အဖြစ်အပျက်များစွာရှိပြီး လိုဏ်ဂူတော်အနီးတွင် ကျောက်တောင် ကမ်းပါးယံအားမှီကာ ကန့်လန့်ထောက်လျက်ရှိသော သစ်လုံးကြီးတစ်လုံးကိုလည်း တွေ့ရသည်။ ထိုသစ်လုံးမှာ အကြိမ်ကြိမ် ဖယ်ရှားသော်လည်း အလိုအလျောက် ထိုနေရာသို့ ပြန်ရောက်နေသည့် ဂမ္ဘီရဆန်သော သစ်လုံးကြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ထူးခြားဆန်းကြယ်သည့် ရှင်သူငယ်ထွက်ပေါက်ကိုလည်း လေ့လာနိုင်ပေသည်။ ထိုမှတစ်ဆင့် အဇာတသတ်မင်းကြီး၏ သစ္စာရေတွင်းနှင့် လွမ်းစေတီကိုလည်းကောင်း၊ ကျွန်းမောင်နှမကိုလည်း သွားရောက်ပြီး အဓိဋ္ဌာန်ပြုကာ ဆုတောင်းနိုင်ကြောင်း သိရသည်။

